ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်၊ အင်္ဂါနေ့ (5-7-2011) (၆၁၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှု နိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ မက္ကဆီကိုနိုင်ငံ သံအမတ်ကြီး မစ္စတာ အန်တိုနီယို ဂွိယားမိုး ဗီလေဂါ့စ် ဗီလာလိုဘော့စ်အား နေပြည်တော်ရှိ နိုင်ငံတော် သမ္မတရုံး၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ

မက္ကဆီကိုနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ မက္ကဆီကိုနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ အန်တိုနီယို ဂွိယားမိုး ဗီလေဂါ့စ် ဗီလာလိုဘော့စ်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဘီဒီဂေးလ်ဘတ် ကိုရီသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ **(ယာပုံ)**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြဲကြနှုံ The Mirror

၅-၇-၂၀၁၁
(အင်္ဂါနေ့)

ကောင်းမွန်သော သမဝါယမပုံရိပ်ဖော်ဆောင်

မြန်မာနိုင်ငံ၏ လူဦးရေအများစုသည် ကျေးလက်ဒေသနေ ပြည်သူများဖြစ်သည်။ ကုလသမဂ္ဂ၏ ထောင်စုနှစ်ပန်းတိုင်များနှင့်အညီ နိုင်ငံတော်က ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထား ဖော်ဆောင်လျက်ရှိသည်။

ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းရာတွင် သမဝါယမအသင်းများ၏ လှုပ်ရှားမှုများသည် အရေးပါသော အခန်းကဏ္ဍက ရပ်တည်နေမည်ဖြစ်သည်။ သမဝါယမအဖွဲ့များအနေဖြင့် လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားသည်။ ကျေးလက်ဒေသကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် အိမ်တွင်း စက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြမည်ဖြစ်သည်။ ထို့အတူ ကျေးလက်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဆက်လက် လုပ်ဆောင်ကြရမည်ဖြစ်သည်။

သမဝါယမဟူသည် အတူတကွပူးပေါင်း၍ အားထုတ်ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီးပွားရေးလုပ်ငန်းများ၊ စီးပွားရေးအခွင့်အလမ်းများ ပိုမိုကျယ်ပြန့်လာစေရေးအတွက် ၁၉၉၂ ခုနှစ်တွင် သမဝါယမအသင်းဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိသည်။ ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ အခြေခံသမဝါယမအသင်း တစ်သောင်းကျော်ကို ဖွဲ့စည်းထားပြီးဖြစ်သည်။

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အစုအဖွဲ့များ ဖွဲ့စည်းခြင်း၊ သမဝါယမပညာပြန့်ပွားအောင် ကြိုးပမ်းခြင်းတို့ ပါဝင်သည်။ ဥပဒေဘောင် စည်းမျဉ်းစည်းကမ်းနှင့် ဘောင်အတွင်းမှ ဘေးတိုက်ထိန်းကျောင်းတည့်မတ်ပေးခြင်းတို့ကိုလည်း မျက်ခြည်မပြတ် ဂရုပြုကြရမည်ဖြစ်သည်။ လက်ရှိ သမဝါယမအသင်းများအနေဖြင့် ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းနှင့် အထွေထွေစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ လူထုအတွင်းမှ ယုံကြည်စိတ်ချရသော ပြည်သူများဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းလုပ်ကိုင်ကြရန် လိုအပ်မည်ဖြစ်သည်။

နှစ်စဉ်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားများတွင် သမဝါယမမိသားစုဝင်များ လိုက်နာကျင့်သုံးစေလိုသည့် လုပ်ငန်းစဉ်များကို ဆောင်ပုဒ်အဖြစ် သတ်မှတ်ထားသည်။ ယခုနှစ်အတွက် လူငယ် အနာဂတ်သမဝါယမကို သတ်မှတ်ထားသည်။ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးရေးတွင် လူငယ်များ အင်တိုက်အားတိုက် ပါဝင်ရန် စည်းရုံးလေ့ကျင့်ပညာပေးခြင်းများ ပိုမိုပြုလုပ်ကြရပေမည်။

၂၀၁၂ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ်အဖြစ် သတ်မှတ်ထားပြီ။ အဓိကဆောင်ပုဒ်မှာ "လူမှုစီးပွားရေးလုပ်ငန်းသည် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးကို တည်ဆောက်နေပါသည်" ဟူ၍ ဖြစ်သည်။ နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစီအစဉ်တွင် သမဝါယမအသင်းများ၏ လှုပ်ရှားမှုသည် အရေးပါလျက်ရှိရာ သမဝါယမလောကသားများအနေဖြင့် သမဝါယမစနစ်၏ အနှစ်သာရနှင့် ကျင့်ဝတ်များ လွှမ်းခြုံနေသည့် ကောင်းမွန်သော သမဝါယမပုံရိပ်တစ်ရပ် ဖော်ဆောင်နိုင်ရေး အင်တိုက်အားတိုက် ကြိုးပမ်းသွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော် လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် လှည့်လည်ကြည့်ရှုစစ်ဆေး

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့် နေပြည်တော် လေဆိပ်အဝင်လမ်းကို ကတ္တရာခင်းစက်ဖြင့် နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၄

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်သည် ဇွန် ၂၉ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော် လယ်ဝေးမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ ဖောင်တော်ချက်မစေတီတော်သို့ ရောက်ရှိပြီး စေတီတော်ရှိ မင်္ဂလာကန်တော် ပြန်လည်မွမ်းမံရေးအတွက် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

အဆိုပါ တွေ့ဆုံပွဲသို့ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ ဒေါက်တာသန်းအောင်နှင့် ဦးမျိုးညွန့်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေအုပ်ချုပ်ရေးမှူး၊ လယ်ဝေးမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဖောင်တော်ချက်မစေတီတော်မြတ် ဂေါပကအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖောင်တော်ချက်မစေတီတော်ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးသန်းဆွေနှင့် နာယက ဦးဝင်းအောင်တို့က စေတီတော်သမိုင်းနှင့် မင်္ဂလာကန်တော်ထိန်းသိမ်းထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး လယ်ဝေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်နွယ်က မင်္ဂလာကန်တော်အား မွမ်းမံဆောင်ရွက်ခဲ့မှုများတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မင်္ဂလာကန်တော်အတွင်းရှိ ညစ်ညမ်းလျက်ရှိသောရေများနှင့် သဲနုန်းများကို နုန်းစုပ်စက်များဖြင့် တူးဖော်ရှင်းလင်း၍ သန့်ရှင်းသောရေထည့်သွင်းပြီး မြို့အရန်ရေအဖြစ် ထားရှိရန်နှင့် မင်္ဂလာကန်တော် ပတ်ဝန်းကျင်သာယာလှပရေး၊ ပြည်သူများ အပန်းဖြေနိုင်ရေးပါ ဆောင်ရွက်ရန် မှာကြားကာ မင်္ဂလာကန်တော်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် နေပြည်တော်လေဆိပ်အဝင်လမ်းကို ကတ္တရာခင်းစက်ဖြင့် နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးသည်။ နေပြည်တော်လေဆိပ် အဝင်လမ်းသည် လမ်းအရှည် ၁ မိုင် ၆ ဖာလုံရှိ ကွန်ကရစ်လမ်းဖြစ်ပြီး နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လယ်ဝေးမြို့နယ် ငွေးတောက်ရိုးအင်းသို့ ရောက်ရှိပြီး နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေက အင်းအကျယ်ဧရိယာ ၂၁ ဒသမ ၆ ဧက၊ ရေပြင်အကျယ် ၇ ဒသမ ၁၄ ဧက၊ လယ်စိုက်ဧရိယာ ၁၄ ဒသမ ၀၁ ဧကရှိသော ငွေးတောက်ရိုးအင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ငွေးတောက်ရိုးအင်းအား ပုဂ္ဂလိကငါးမွေးမြူရေးအတွက် ကန်များတူးဖော်ဆောင်ရွက်နိုင်ရေး၊ လယ်စိုက်ဧရိယာကို အဆင့်မြင့်လယ်မြေများအဖြစ် ဖော်ထုတ်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်နိုင်ရန် မှာကြားသည်။

ယင်းနောက် ဒက္ခိဏသီရိမြို့နယ် သမိုင်းဝင် ရန်အောင်မြင်ဘုရား အရှေ့ဘက်ရှိ ရန်အောင်မြင် အဆင့်မြင့်လယ်ယာမြေ ဖော်ထုတ်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေက တစ်ဧက စံကွက် ၄၀ ရှိသော အဆင့်မြင့်လယ်ယာမြေ ဧက ၄၀ ဖော်ထုတ်ရေးလုပ်ငန်း ဆောင်ရွက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ပေါင်းစည်းလယ်ယာ လုပ်ကိုင်ခွင့်ပြုမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းကို စိုက်ပျိုးရာသီအမီ ပြီးစီးအောင် ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် အဆင့်မြင့် လယ်ယာမြေတွင် စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိကြသည့် တောင်သူများနှင့် တွေ့ဆုံပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးလုပ်ငန်းရှစ်ခုတွင် ပါဝင်သည့် လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထွက်နှုန်းကောင်းမွန်ရန်လိုအပ်သဖြင့် အထူးအထွက်တိုး မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ ပြောင်းလဲအသုံးပြုရန်၊ သိပ္ပံနည်းကျစိုက်နည်းစနစ်များ ကျင့်သုံးသွားရန် လိုအပ်သည့် သွင်းအားစုများကို ကူညီပေးမည်ဖြစ်၍ တောင်သူများအနေဖြင့် လယ်ယာလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

(သတင်းစဉ်)

ပျဉ်းမနား မိုးရာသီ သစ်ပင်စိုက်ပျိုး

ပျဉ်းမနား ဇူလိုင် ၄

၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက် နံနက် ၈ နာရီက နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်အုပ်စု ပန်းခင်းရပ်ကွက် ရာဇဌာနီလမ်းဝဲ၊ ယာတွင် ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်း တက်ရောက်စိုက်ပျိုးပေးသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်တင့်၊ ခရိုင်သစ်တောဦးစီးအရာရှိ ဦးတက်တိုးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူ ၃၀၀ ကျော်တို့က ရတနာတန်းဝင် ကျွန်း၊ ပျဉ်းကတိုးနှင့် အရိပ်ရပင်ပေါင်း ၆၀၀ ကျော်တို့အား စိုက်ပျိုးခဲ့ကြသည်။ (၅၈၆)

မုံရွာခရိုင် ဆားလင်းကြီးမြို့ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတို့ ဇွန် ၁၇ ရက် နံနက်ပိုင်းက ဆားလင်းကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း သိပ္ပံဆောင်၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးနှင့် အမှုဆောင်များ ကြည့်ရှုအားပေးစဉ်။(မြို့နယ်ပြန်/ဆက်)

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်နှိုးဆော်

နေပြည်တော် ဇူလိုင် ၄

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကဏ္ဍ နှစ်ရှည်စီမံကိန်းလုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်းအားလုံးတွင် ပညာရေးလက်တွေ့ ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပညာရေးပြက္ခဒိန် ရေးဆွဲသတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ၂၀၁၁ ခုနှစ် ဇူလိုင် ၁၀ ရက် (တနင်္ဂနွေနေ့)ကို ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အဖြစ် သတ်မှတ်ထားပြီးဖြစ်သဖြင့် အဆိုပါ နေ့ရက်တွင် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအလိုက် ကျောင်းအုပ်ကြီးများ၏ ဦးဆောင်မှုဖြင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အပြည့်အဝ ပူးပေါင်းဆောင်ရွက်ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားသည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၄-၇-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၄၇၆၄	၀. ၀၃၂၈၁
တရုတ် (ယွမ်)	၆. ၄၆၄၀၅	၀. ၁၅၄၇၀
အိန္ဒိယ (ရူပီး)	၄၄. ၄၂၀၀	၀. ၀၂၂၅၁
မလေးရှား (ရင်းဂစ်)	၃. ၀၁၀၅၀	၀. ၃၃၂၁၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၂၆၁၁	၀. ၈၁၅၅၉
ဂျပန် (ယန်း)	၈၀. ၇၇၉၅	၀. ၀၁၂၃၈
တောင်ကိုရီးယား(ဝမ်)	၁၀၆၆. ၆၀	၀. ၀၀၀၉၄
ယူရို	၀. ၆၈၉၂	၁. ၄၅၁၀၉
ဗြိတိသျှ (ပေါင်)	၀. ၆၂၂၀၉	၁. ၆၀၇၄၈

အင်တာနက်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပါကစ္စတန်သံအမတ်ကြီး လာရောက်တွေ့ဆုံ မြန်မာ - ပါကစ္စတန် နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော်　　ဇူလိုင်　　၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကာဇီအမ် ခါလီလူလားသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာ-ပါကစ္စတန် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။　(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကာဇီအမ် ခါလီလူလားအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။　(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် တွံတေး-မအူပင် ဖြတ် လမ်း ကို ကြည့်ရှု စစ်ဆေး စဉ်။　(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် တွံတေး-မအူပင်ဖြတ်လမ်းနှင့် မလက်တို-မဲဇလီဖြတ်လမ်း လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန်　　ဇူလိုင်　　၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇူလိုင် ၃ ရက် နံနက်ပိုင်းတွင် လှိုင်သာယာ-တွံတေး ကတ္တရာလမ်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု၊ တွံတေး-မအူပင်ဖြတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းများနှင့် တံတားများ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး အဆိုပါလမ်းပေါ်ရှိ တွံတေး-မအူပင်ဖြတ်လမ်း မိုင်တိုင်အမှတ် (၂၇/၄) နှင့် (၂၇/၅)အကြား မြစိမ်းသစ်သားတံတားနေရာ၌ ကွန်ကရစ်တံတား အစားထိုးတည်ဆောက်သွားမည့် အခြေအနေနှင့် ဧီဖျူကုန်းတံတားအား ပြန်လည်ခိုင်ခံ့အောင် ပြုပြင်မွမ်းမံ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းစခန်း(မြဂိုး)ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီး ဦးသိန်းဆိုင်က တွံတေး-မအူပင်လမ်းပိုင်းမှ (၆/၇)မိုင်ကို ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အဖွဲ့သုံးဖွဲ့ဖြင့် ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီး ဦးကျော်ကျော်က ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက (၇/၀)မိုင်ကို အဖွဲ့လေးဖွဲ့ဖြင့် ကတ္တရာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ထိုမှတစ်ဆင့် မလက်တို-မဲဇလီလမ်း လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မအူပင်ခရိုင် အင်ဂျင်နီယာမှူး ဦးသိန်းဦးက မလက်တို-မဲဇလီလမ်း (၁၆/၃) မိုင်ကို လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

မှာကြား

ပြည်ထောင်စုဝန်ကြီးသည် မလက်တို- မဲဇလီလမ်းတစ်လျှောက် လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုးတွင်းကာလတွင် လမ်းခင်းကျောက်များ ကြိုတင်စုဆောင်းထားရန်နှင့် လမ်းပေါ်၌ ရေတင်နေမှုကို ဖောက်ထုတ်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။ (သတင်းစဉ်)

လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ သင်တန်းကျောင်းများအား ရပ်ရွာအခြေပြု အရင်းအမြစ်ဌာနများဖြစ်အောင် ဆောင်ရွက်

နေပြည်တော်　　ဇူလိုင်　　၄

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် ဇူလိုင် ၂ ရက် ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးသို့ ရောက်ရှိလာပြီး ကလေးပြုစုရေးဌာန၊ အမျိုးသမီးကလေးများ သင်တန်းကျောင်းနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ သင်တန်းကျောင်းများသည် လေ့ကျင့်သင်ကြားရေးကျောင်းအဖြစ်သာမက စောင့်ရှောက်ရန်လိုအပ်သော ကလေးသူငယ်များအားလုံးကို ကာကွယ်စောင့်ရှောက်ပေးပြီး ရပ်ရွာလူထုအတွက် နည်းပညာများ ဖြန့်ဝေပေးနိုင်သည့် ရပ်ရွာအခြေပြု အရင်းအမြစ်ဌာနများဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မသန်စွမ်းကလေးငယ်များအတွက် ပညာသင်ကြားပေးခြင်းအပြင် ဘဝတစ်သက်တာ ဖွံ့ဖြိုးရေးအတွက် ၎င်းတို့၏ စွမ်းဆောင်နိုင်မှုအပေါ် မူတည်၍ အကောင်းဆုံးနည်းလမ်းများကို ရွေးချယ်လေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ ၎င်းတို့အတွက် သင့်လျော်သော အလုပ်အကိုင်အခွင့်အလမ်းများ (Decent Work)ကို ဖော်ထုတ်ပေးနိုင်မည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၃ ရက် နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ဗဟိုမီးသတ်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်သူလူထုအား အကူအညီပေးရန် မိမိတို့တွင် အမြဲတာဝန်ရှိသည်ဟူသော စိတ်ဓာတ်ထားရှိကြရမည်ဖြစ်ကြောင်း၊ အတိတ်ကာလ အတွေ့အကြုံများမှ သင်ခန်းစာရယူပြီး အနာဂတ်စိန်ခေါ်မှုတိုင်းကို ရင်ဆိုင်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင်တိုင်း လက်တွေ့ကျသော စီမံချက်များထားရှိပြီး ဇာတ်တိုက်လေ့ကျင့်ထားကြရန်လိုကြောင်း၊ ပိုမိုလုံခြုံစိတ်ချရသော ရပ်ရွာအခြေပြု လူမှုအဖွဲ့အစည်းများဖြစ်လာရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်တိုင်း၏ စွမ်းဆောင်ရည်များကို မြှင့်တင်သွားရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေး နားမကြားသော ကလေးများကျောင်း၊ အောင်မြေသာစံမြို့နယ်ရှိ မန္တလေး လူငယ်သင်တန်းကျောင်းနှင့် စစ်ကိုင်းမြို့ရှိ စစ်ကိုင်းမျက်မမြင်ကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့သည်။　(သတင်းစဉ်)

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း မြေတိုင်းသင်တန်းဖွင့်မည်

ရန်ကုန်　　ဇူလိုင်　　၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းက Advance Survey Training Course အပတ်စဉ်(၁)ကို ဇူလိုင် ၉ ရက်မှ ဩဂုတ် ၁၄ ရက်အထိ အပတ်စဉ် (စနေ၊ တနင်္ဂနွေ)နေ့များတွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

သင်ကြားပေးမည်

အဆိုပါသင်တန်းတွင် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းမှ ကျွမ်းကျင်ပြီး အတွေ့အကြုံရှိသော ဝါရင့် (Survey Engineering) များက ခေတ်မီစက်ကိရိယာများဖြစ်သော Geodetic Total Station, Auto Level, Digital Theodolite, GPS စက်များဖြင့် မြေတိုင်းတာခြင်း၊ မြေတိုင်းစက်ကိရိယာများအား စစ်ဆေးခြင်း၊ စက်ကိုင်တွယ်အသုံးပြုခြင်း၊ မြေတိုင်းတာမှုတွက်ချက်နည်းစနစ်များပြုလုပ်ခြင်း၊ တိုင်းတာရရှိပြီး Data များအား Computer အတွင်းသို့ ထည့်သွင်းခြင်းများကို စာတွေ့၊ လက်တွေ့ ကွင်းဆင်းကိုင်တွယ်အသုံးပြုနိုင်သည်အထိ တတ်မြောက်အောင် သင်ကြားပေးမည်ဖြစ်သည်။

ဆက်သွယ်နိုင်

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းရုံးခန်း အခန်း(၃၀၃) မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ လှိုင်တက္ကသိုလ်နယ်မြေ ဖုန်း-၅၁၉၆၇၄၊ Ext-၅၀၁၊ ၅၆၄၅၁၇၊ ၅၆၄၅၂၀၊ ၀၉-၅၀၂၅၉၇၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။　(သတင်းစဉ်)

ကျေးလက်မြေသားလမ်း ဆောင်ရွက်

ပြည်　　ဇူလိုင်　　၄

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် နွယ်ကျော်-ဖြဟော် ကျေးရွာချင်းဆက်မြေသားလမ်း ဆောင်ရွက်ပြီးစီးမှုကို ဇွန် ၁၉ ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးပြေကျော်က ကွင်းဆင်းစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးအာကာမြတ်သူက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအား ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် စစ်ကိုင်းမျက်မမြင်ကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား အားပေးစကားပြောကြားစဉ်။

(သတင်းစဉ်)

နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အလားအလာများ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ မက္ကဆီကိုနိုင်ငံ သံအမတ်ကြီး မစ္စတာ အန်တိုနီယို ဂွီယားမိုး ဗီလေဂါ့စ် ဗီလာလိုဘော့စ်နှင့် ပနားမားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟိုဆေးအန်တိုနီယို ရှူးဇ်ဘလန်ကိုတို့သည် ယနေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ကျေးလက်နေပြည်သူလူထု လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ရေး ဆွေးနွေး

နေပြည်တော် ဇူလိုင် ၄

သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား အာဆီယံ လူမှုသစ်တောကွန်ရက် (ASEAN Social Forestry Network-ASFN) ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြပြီး ကျေးလက်နေပြည်သူလူထု လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ရေးတို့ကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးတင်ထွန်းနှင့် ဒေါက်တာ ညီညီကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား အာဆီယံ လူမှုသစ်တောကွန်ရက် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ မက္ကဆီကိုနိုင်ငံ သံအမတ်ကြီး မစ္စတာ အန်တိုနီယို ဂွီယားမိုး ဗီလေဂါ့စ် ဗီလာလိုဘော့စ်နှင့် ပနားမားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟိုဆေးအန်တိုနီယို ရှူးဇ် ဘလန်ကိုတို့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ဇူလိုင် ၄ ရက်က ရန်ကုန်မြို့ အမေရိကန်သံရုံးအကြီးအကဲနေအိမ်၌ ကျင်းပသော (၂၃၅)ကြိမ်မြောက် အမေရိကန်ပြည်ထောင်စု လွတ်လပ်ရေးနေ့ ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေးသုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စုသံရုံး သံရုံးယာယီတာဝန်ခံ Mr. Larry M. Dinger ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော်ဟိုတယ်များ ဧည့်ဝတ်ကျေပွန်စေရေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၄

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်ဝင်းသည် ဇူလိုင် ၃ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ Junction Hotel သို့ သွားရောက်၍ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲသို့ လာရောက်ကြသော ပြည်ပရတနာကုန်သည်များ တည်းခိုနေထိုင်မှု အဆင်ပြေစေရေးအတွက် ကြည့်ရှုစစ်ဆေးမှာကြားသည်။

အဆိုပါ Junction Hotel တွင် ပြည်ပရတနာကုန်သည် ၆၂ ဦး တည်းခိုလျက်ရှိပြီး ဇူလိုင် ၂ ရက်အထိ နေပြည်တော် ဟိုတယ် ၂၅ လုံးရှိ အိပ်ခန်းပေါင်း ၁၆၃၃ ခန်း၌ ပြည်ပရတနာကုန်သည် ၃၉၃၀ တည်းခိုနေထိုင်လျက်ရှိကြောင်း၊ ဧည့်သည်အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ပြီး ဂျပန်၊ ထိုင်းနှင့် အိန္ဒိယနိုင်ငံသားများလည်း ပါဝင်ကြောင်းနှင့် ၎င်းတို့အတွက် တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့် သွားလာရေးတို့တွင် အဆင်ပြေစေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ (သတင်းစဉ်)

စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်မည်

ရန်ကုန် ဇူလိုင် ၄

၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိအောင်မြင်ကြသော မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်တို့၏ သား၊ သမီး ကျောင်းသား၊ ကျောင်းသူများအားလုံးကို မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ပညာရည်ထူးချွန်ဆုချီးမြှင့်မည်ဖြစ်သည်။

ယင်းသို့ ချီးမြှင့်ရာတွင် တစ်ဘာသာနှင့်အထက် ဂုဏ်ထူးရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ အဖွဲ့ဝင် ဖခင်(သို့မဟုတ်)မိခင်အနေဖြင့် ဂုဏ်ထူးရရှိခဲ့သည့် အထောက်အထား (သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက် မူရင်း(သို့မဟုတ်)အမှတ်စာရင်းမိတ္တူ)၊ အဖွဲ့ဝင် ဖခင်(သို့မဟုတ်)မိခင်၏ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ကတ်ပြားမိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူနှင့် သက်ဆိုင်ရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ (သို့မဟုတ်) အတွင်းရေးမှူး၏ မှန်ကန်ကြောင်း ထောက်ခံချက်တို့နှင့်အတူ စက်တင်ဘာ ၁၉ ရက် (တနင်္လာနေ့) နောက်ဆုံးထား၍ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အမှတ်(၅၂၉) ကုန်သည်လမ်း စာပေဗိမာန် (ဒုတိယထပ်) ရန်ကုန်မြို့သို့ လျှောက်ထားပေးပို့ရမည်ဖြစ်သည်။

(သတင်းစဉ်)

ဝါးခယ်မမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်း၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအုန်းဝင်းနှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ၊ ရွှေလောင်းအခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ရွှေလောင်းမြစ်အတွင်းသို့ ငါးမြစ်ချင်းသားပေါက်ကောင်ရေ နှစ်သိန်းကို မျိုးစိုက်ထည့်ပေးကြစဉ်။ (သတင်းစဉ်)

ရွှေလောင်းမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ဇွန် ၂၈ ရက် နံနက် ၈ နာရီတွင် ဝါးခယ်မမြို့နယ် ရွှေလောင်းတံတားအနီး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်း၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအုန်းဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ၊ ရွှေလောင်းအခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ရွှေလောင်းမြစ်အတွင်းသို့ ငါးမြစ်ချင်းသားပေါက်ကောင်ရေ နှစ်သိန်းကို မျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

ဘူးသီးတောင်မြို့နယ်တွင် နှစ်ရှည်ပင်များရှင်သန်ရေး ဆောင်ရွက်

ဘူးသီးတောင် ဇူလိုင် ၄

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်အတွင်း စိမ်းလန်းစိုပြည်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့မှ နှစ်ရှည်ပင်ကြီးများ ရှင်သန်လှပစွာရှိနေစေရန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးစောဝေနှင့် ဒုတိယဦးစီးမှူး ဦးအေးသိန်းတို့က ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၄

ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကုန်သွယ်/လယ်ယာမွှာရုံ ကြားတောရလမ်း ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ် ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်လှူဒါန်းပူဇော်ကြပါရန်နှင့် လှူဒါန်းလိုပါက ဦးစန်းလွင် ဖုန်း-၅၃၀၀၅၈၊ ဦးမောင်မောင်လင်း ဖုန်း-၀၉-၈၆၁၄၀၁၂ နှင့် ဦးခင်ထွန်း ဖုန်း-၀၉-၇၃၀၀၁၅၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။(ကြေးမုံ)

ရန်ကုန်မြို့ လှိုင်မြို့နယ် ကန်လမ်းနေ ဦးသန်းမြင့်-ဒေါ်ညိုညိုလွင် မိသားစုက ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သုံးခွမြို့နယ်ရှိ မဟာအတုလဝေယံသာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန် ဇူလိုင် ၄

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ရှိ မဟာအတုလဝေယံသာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် အပေါ်ထပ် မျက်နှာကြက်တပ်ဆင်ခြင်းလုပ်ငန်း၊ အပေါ်ထပ်ခန်းမကြီးဝင်ပေါက်တံခါး တပ်ဆင်ခြင်းလုပ်ငန်း၊ အဝင်မုခ်ဦး တည်ဆောက်ခြင်းလုပ်ငန်းနှင့် အောက်ထပ် ရေဆင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ဇူလိုင် ၃ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် ပစ္စည်းလေလွင့်မှုမရှိစေရေး မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်း အမယ်ပေါင်းများစွာ ပြည်တွင်း၌ ထုတ်လုပ်အသုံးပြုခြင်း၊ အစားထိုးခြင်းများ ဆောင်ရွက်နိုင်

ရန်ကုန် ဇူလိုင် ၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းသည် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့်အတူ ဇူလိုင် ၃ ရက် မွန်းလွဲပိုင်းတွင် စက်ခေါင်းစက်ရုံ (အင်းစိန်)၌ MDCC-108 သံလမ်းပြေးကရိန်း အလတ်စား ပြုပြင်နေမှု၊ (၁)တန်ခွဲ ပုံစံထုတ်လုပ်သည့် စက်တူ (1.5 ton Pneumatic Hammer)ဖြင့် စက်အရန်ပစ္စည်းများ ထုတ်လုပ်နေမှု၊ စက်ခေါင်းများ ပြင်ဆင်နေမှု၊ အင်ဂျင်စက်အစိတ်အပိုင်း အခြေအနေကို ကွန်ပျူတာဖြင့် ရှာဖွေစစ်ဆေးနေမှု၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန (သာဂရ)က ထုတ်လုပ်သည့် 12 V 128 ZC အင်ဂျင်ကို စက်ခေါင်းအမှတ် DD-511 တွင် တပ်ဆင်စမ်းသပ် မောင်းနှင်နေမှု၊ စက်ခေါင်းအရန်ပစ္စည်းများ ပြုလုပ်ရန် သံရည်ကျို သွန်းလောင်းနေမှုနှင့် သွန်းလောင်းပြီး စက်အရန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့မီးရထားက လိုအပ်သော ရထားလုပ်ငန်းသုံး အရန်ပစ္စည်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးနှင့် ပေးသွင်းနိုင်ရေးအတွက် ခင်းကျင်းပြသထားခြင်း အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် မြန်မာ့မီးရထားက လိုအပ်သော ပစ္စည်းများကို ပြည်တွင်းလုပ်ငန်းရှင်များသို့ အပ်နှံခြင်း၊ နည်းပညာလိုအပ်ချက်များကို ရယူပံ့ပိုးခြင်းများ ဆောင်ရွက်ခဲ့ရာ လိုအပ်သော အရန်ပစ္စည်းများကို ပြည်တွင်း၌ ရရှိသဖြင့် ပြည်ပမှ မှာယူသကဲ့သို့ ခြောက်လခန့် မစောင့်ရဘဲ စက်ခေါင်းများကို အမြန်ပြင်ဆင်နိုင်ခဲ့ကြောင်း။

မြန်မာ့မီးရထားအနေဖြင့် နှစ်စဉ် ခရီးသည် သန်း ၇၀ နှင့် ကုန်စည်တန် ၃ ဒသမ ၇ သန်း ပို့ဆောင်ပေးပြီး နေ့စဉ် လူစီးရထားအစင်း ၄၀၀ နှင့် ကုန်ရထား ၂၈ စင်း ပြေးဆွဲပေးလျက်ရှိကြောင်း၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုများ အဆင်ပြေစေရေးအတွက် စက်ခေါင်းနှင့် တွဲများ ပြည့်စုံကောင်းမွန်ရန်၊ သံလမ်းများ ကောင်းမွန်နေရန်လိုကြောင်း၊ မြန်မာ့မီးရထားသည် ၁၉၉၂ ခုနှစ်မှစတင်ပြီး ယခုကဲ့သို့ ပညာရှင်များ၊ ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းရှင်များနှင့် ပူးပေါင်းလက်တွဲ၍ စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်း အမယ်ပေါင်းများစွာကို ပြည်တွင်း၌ ထုတ်လုပ်အသုံးပြုခြင်း၊ အစားထိုးခြင်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ရော်ဘာအသုံးပြုထုတ်လုပ်သော အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများစွာကို ပြည်တွင်း၌ အောင်မြင်စွာ ထုတ်လုပ်ပြီး အစားထိုးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မြန်မာ့မီးရထားနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်ခဲ့သည့် ပညာရှင်များနှင့် လုပ်ငန်းရှင်များအား မှတ်တမ်းတင်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာ့မီးရထား အထွေထွေမန်နေဂျာ (စက်မှုနှင့်လျှပ်စစ်) ဦးထွန်းဦးက ခင်းကျင်းပြသထားသော စက်ခေါင်း၊ တွဲနှင့် Diesel Motorized Unit အရန်ပစ္စည်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အထွေထွေမန်နေဂျာ(မြို့ပြ)ဦးသီဟန်က မြို့ပြဆိုင်ရာအရန်ပစ္စည်းများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပညာရှင်များ၊ လုပ်ငန်းရှင်များက ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ဖြည့်စွက်ဆွေးနွေးသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ပညာရှင်များနှင့် လုပ်ငန်းရှင်များသည် ရထားလုပ်ငန်းသုံး အရန်ပစ္စည်းများကို ကြည့်ရှုခဲ့ကြသည်။

(သတင်းစဉ်)

ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ဆိပ်ကြီးခနောင်တိုမြို့နယ် ဆေးရုံသို့ရောက်ရှိရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ကြီးက ဆေးရုံအဝင်လမ်းမကို ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပြီးစီးမှု၊ ပြင်ပလူနာဌာန ကြမ်းခင်းအား ကွန်ကရစ်ပြန်လည်ခင်းပြီးမှုနှင့် ဂါလန် ၈၀၀ ဆံ့ ရေစင် တည်ဆောက်မှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အခြေခံပညာအထက်တန်းကျောင်း၌ တည်ဆောက်လျက်ရှိသော ဂါလန် ၈၀၀ ဆံ့ရေစင်အတွက် မြေအောက်ရေလှောင်ကန် တည်ဆောက်နေမှုနှင့် ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ခနောင်တို ချောင်းကူးကြိုးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ လက်ထောက်အင်ဂျင်နီယာ ဒေါ်ငွေငွေဦးက တံတား တည်ဆောက်ရေးနှင့် ချဉ်းကပ်လမ်း ဖောက်လုပ်ရေးဆိုင်ရာတို့ကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ဆောက်လုပ်မည့် ကြိုးတံတားမှာ ပင်မတံတားအရှည် ပေ ၄၈၀၊ ချဉ်းကပ်လမ်းအရှည် ပေ ၁၂၀၀ စုစုပေါင်းအရှည်ပေ ၁၆၈၀ ရှိပြီး ကားလမ်းနှင့် လူသွားလမ်းအပါအဝင် အကျယ် ၁၁ ဒသမ ၃ ပေနှင့် တံတားခံနိုင်ဝန်မှာ ၃၆ တန်ရှိကြောင်း သိရှိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြို့နယ်အားကစားကွင်း တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ အားကစားကွင်းမှာ ပေ(၃၇၀×၂၃၀)ရှိပြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌတို့၏ မတည်ငွေကျပ် သိန်း ၂၀၀၊ ဘီလပ်မြေအိတ် ၈၀၀ ဖြင့် တည်ဆောက်လျက်ရှိပြီး လုပ်ငန်းအားလုံး၏ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ (သတင်းစဉ်)

ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ ဆက်လက်ကျင်းပ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ စိတ်ဝင်တစား ကြည့်ရှုလေ့လာဝယ်ယူ

နေပြည်တော် ဇူလိုင် ၄

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းမှ စတင်၍ ပြည်တွင်း၊ပြည်ပ ရတနာကုန်သည်များသည် ဇရိယာအလိုက် ခင်းကျင်းပြသထားသည့် အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများနှင့် ကျောက်မျက်အတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာရွေးချယ်ကြကာ တင်ဒါပုံးများအတွင်းသို့ အဆိုပြုလွှာများကို ထည့်သွင်းကြသည်။

ထို့အတူ နံနက်ပိုင်းတွင် ကျောက်မျက်အတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရာ ၁၉ တွဲ ရောင်းရပြီး မွန်းလွဲပိုင်းတွင် ဈေးပြိုင်စနစ်ဖြင့် ရောင်းချရာ ကျောက်မျက်အတွဲ ၁၉ တွဲ ရောင်းချရသည်။

ယနေ့ ညနေပိုင်းတွင် ကျောက်မျက်အတွဲ အထူးရောင်းချပွဲ ပြီးစီးသွားပြီဖြစ်ရာ စုစုပေါင်း ကျောက်မျက်အတွဲ ၃၈ တွဲ ရောင်းချရသည်။

ထို့နောက် ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက ကျောက်မျက် အများဆုံးဝယ်ယူသူဆုရရှိသူ Ruby Dragon Company မှ ဦးမောင်မောင်နိုင်အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်သည်။

အလားတူ ယနေ့ နံနက်ပိုင်းတွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲများကို စတင်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၂၅၆၀ တွဲ ရောင်းချရသည်။

အထူးရောင်းချပွဲတွင် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကျောက်စိမ်းအတွဲများကို ဝယ်ယူရန် တင်ဒါပုံးများအတွင်းသို့ အဆိုပြုလွှာများကို ထည့်သွင်းကြရာ ပြပွဲဗဟိုကော်မတီမှ တာဝန်ရှိသူများက လိုက်လံကြီးကြပ်ဆောင်ရွက်ပေးကြသည်။

မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး သပြေကုန်းပွဲရုံတန်း၌ ခင်းကျင်းပြသလျက်ရှိသည့် မြန်မာ့ခရီးသွားနှင့် အစားအစာပြပွဲတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဟိုတယ်ဇုန်များမှ မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာများ၊ တိုင်းရင်းသားလူမျိုးစုများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများ၊ ဝတ်စားဆင်ယင်မှု၊ ရိုးရာအဝတ်အထည်များနှင့် စပ်လျဉ်းသည့် ပြခန်းငယ်များ ခင်းကျင်းပြသလျက်ရှိရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များနှင့် စိတ်ပါဝင်စားကြသည့် ပြည်သူအများ လာရောက်ကြည့်ရှုလေ့လာကြသည်။

ထို့အတူ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၏ ဦးဆောင်မှုဖြင့် ရန်ကုန်မြို့မှ စားသောက်ဆိုင်ကြီးများ ပါဝင်ဖွင့်လှစ် ရောင်းချလျက်ရှိသည့် စားသောက်ဆိုင်တန်း (Food Court)တွင် မြန်မာ့ရိုးရာ အစားအစာများအပြင် ရခိုင်ရိုးရာ၊ ရှမ်းရိုးရာနှင့် ကချင်ရိုးရာ အစားအစာများ၊ တရုတ်၊ မလေးရှားနှင့် ထိုင်း ရိုးရာအစားအစာများကို နေ့စဉ် နံနက် ၇ နာရီမှ ည ၉ နာရီအထိ ရောင်းချပေးလျက်ရှိရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသာမက ဒေသခံပြည်သူများလည်း အလွယ်တကူ အဆင်ပြေစွာ ဝယ်ယူစားသောက်ကြသည်ကို တွေ့ရှိရသည်။

၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲကို အောင်မြင်စွာကျင်းပနိုင်စေရေးအတွက် ဆပ်ကော်မတီများအနေဖြင့် ကဏ္ဍအလိုက် တာဝန်များခွဲဝေသတ်မှတ်ကာ ပြပွဲသို့ တက်ရောက်လာကြသည့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ စိတ်အေးချမ်းသာစွာ ဝယ်ယူနိုင်စေရေး လိုအပ်သည်များကို ကူညီပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါ ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲကို ဇူလိုင် ၁၃ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မုဒုံမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၄

မုဒုံမြို့နယ်အသင်း (ရန်ကုန်) ၏ (၁၃)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို (ဝါဆိုလဆန်း ၁၀ ရက်)ဇူလိုင် ၁၀ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ် (၉)ရပ်ကွက် မြစပါယ်လမ်း (ပါရမီ-ရေကူး)ရှိ ဝိဇ္ဇောတာရုံ ပရိယတ္တိစာသင် တိုက်၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေနှင့် ပစ္စည်းများ ကြိုတင်လှူဒါန်းလိုပါက ဒုတိယဗိုလ်မှူးကြီး အေးကျော်(ငြိမ်း) ဖုန်း-၅၈၅၃၀၂၊ ဦးသာလှ ဖုန်း-၅၃၉၄၅၃၊ ဦးငွေစိုး ဖုန်း-၅၆၉၃၁၃၊ ဦးသန်းတင်အောင် ဖုန်း-၆၆၂၂၆၃၊ ဦးတင်ကြိုင် ဖုန်း-၅၇၈၄၇၄၊ ဦးအောင်ကြည် ဖုန်း-၅၉၁၁၆၁၊ ဦးထွန်းထွန်းဦး ဖုန်း-၅၁၉၉၆၄၊ ဒေါ်ခင်လှသန်း ဖုန်း-၆၅၃၃၀၆၊ ဦးအောင်ချစ်သန်း ဖုန်း-၂၉၆၀၂၄၊ ဦးမောင်မောင် ဖုန်း-၅၅၇၅၂၅၊ မုဒုံမြို့ရှိ ဒေါက်တာမြင့်ဦး ဖုန်း-၀၅၇-၇၀၀၆၁ နှင့် ဒေါက်တာသန်းဝင်း ဖုန်း-၀၅၇-၇၀၁၇၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အသင်းဝင်များထံ ဖိတ်ကြားလွှာများကို ပေးပို့ထားပြီးဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မုဒုံမြို့နယ်သူ၊ မြို့နယ်သားများနှင့် အသင်းမဝင်ရသေးသူများပါ ကြွရောက်ကြည်ညိုကြပါရန် အမှုဆောင်အဖွဲ့က နိုးဆော်ထားသည်။

(သတင်းစဉ်)

ယာဉ်၊ စက် ကြံ့ခိုင်ရေး မြစ်သားတွင် စစ်ဆေး

မြစ်သား ဇူလိုင် ၄

မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးတို့သည် မြစ်သားမြို့နယ်အတွင်း စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊ စက်၊ ယန္တရားများအား ကြံ့ခိုင်ကောင်းမွန်မှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၅-၇-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈း၂၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၂၅ ၉။ အတီးပြိုင်ပွဲ
၈း၃၅ ၁၀။ "ချစ်လွန်းလို့"
၈း၄၀ ၁၁။ International News
၈း၄၅ ၁၂။ တေးဂီတအစီအစဉ်
၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ "ငါးရစ်မျိုးငါးတို့မစား"
၄း၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၆။ ကြေးမုံရိပ်သွင်တေးနှုယဉ်
၅း၁၀ ၇။ "အရည်အသွေးမီထုတ်လုပ်ထားကြွေရည်စိမ်ပစ္စည်းများ"
၅း၂၅ ၈။ "မိုးဒေဝါနှင့်မိုးဒေဝါကို ဖန်တီးကြသူများ" (ဗိုလ်ကလေးတင့်အောင် စီစဉ်တင်ဆက်သည်)
၅း၄၅ ၉။ ရင်မှာစွဲထင်တေးအလှသံစဉ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၃၅ ၁၃။ ဆိုလိုက်ကြစို့
၇း၁၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာနှလုံးသား" (အပိုင်း-၆)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ရယ်စရာဟာသများ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နားခိုရာ" (အပိုင်း-၁၂)**
၂၀။ အစီအစဉ်ပြီး၏။

လမ်းလျှောက်တုတ်ကလေးပြောတဲ့ ပင်စင်အကြောင်း

လှိုင်ဘွား(ပါရမီ)

မှန်ဗီရိုတွင်း ခင်းကျင်းပြသထားသည့် လမ်းလျှောက်တုတ်လှလှလေးများက မိမိကိုလက်ယပ်ဖိတ်ခေါ်နေသည်။ ဝန်ထမ်းဘဝကမလုပ်နိုင်ခဲ့သမျှ အငြိမ်းစားယူပြီးမှသာ ကျန်းမာရေးအတွက် နံနက်ခင်းတိုင်း လမ်းလျှောက်ဖြစ်ရာ ငယ်စဉ်ကလောက်မကောင်းတော့သည့် အရိုးအဆစ်များက ပြဿနာရှာလာကြသည်။ ဤတွင် 'လမ်းလျှောက်တုတ်'ဆိုသည့်ပစ္စည်းက နေရာကြီးကြီးယူလာတော့သည်။ သို့သော် ရသည့်ပင်စင်လစာက လမ်းလျှောက်တုတ်နှင့်ဝေးစွာ ကြိမ်တောင်ဝှေးနားသာကပ်နိုင်ရုံမို့ ဤဆိုင်နားကိုဖြတ်တိုင်း ခါးကိုကိုင်းကာ မှန်အကာ တံတိုင်းအတွင်းမှ လစာနှင့်မနှိုင်းသာသည့် လမ်းလျှောက်တုတ်ခပ်စွာစွာကလေးကို မနာလိုသောအကြည့်နှင့်ကြည့်ရင်း မက်မောခြင်းအအံ့အကျင်းဖြင့် ဒင်းတော့နေနှင့်ဦးပေါ့ဟု ကြိမ်းဝါးမိသည်က အကြိမ်ကြိမ်ပင်။

ယခုတော့ အဆင်ပြေတော့မည်ထင်သည်။ နိုင်ငံတော်အစိုးရက မိမိတို့ပင်စင်စားများအတွက် စေတနာနှင့်ဆောင်ရွက်ပေးခဲ့သဖြင့် ထောင်ဂဏန်းပင်မပြည့်သော ပင်စင်လစာအခြေအနေမှ သောင်းချီသောငွေကို ကိုင်တွယ်သုံးစွဲနိုင်တော့မည်။ သားတွေ သမီးတွေ မြေးတွေ လာကန်တော့လေမှ တစ်ထောင်တန်ဆိုသည်ကို မြင်ဖူးရသော အခြေအနေမှ ကိုယ့်ချွေးနည်းစာ အသပြာကြီးကြီးကို ဟန်ကြီးပန်ကြီးကိုင်နိုင်တော့မည်။ ပင်စင်လစာက လကုန်မှရမည်ဆိုသော်လည်း လမ်းထောင့်ကုန်စုံဆိုင် မှန်ဗီရိုထဲက မာနကြီးစွာ ခေါင်းမော့နေသည့် လမ်းလျှောက်တုတ်ဆီသို့ အပြေးချီရင်း ပိုင်ရှင်လောင်းအမည်စာရင်းသွင်းကာ ဤသတင်းခိုင်ခိုင်မာကို ဖောက်သည်ချမိသည်။ လကုန်ပြီးသည်နှင့် ချက်ချင်းပြေးလာဝယ်ဖြစ်တော့မည်ဖြစ်ရာ လမ်းလျှောက်တုတ်ဖြင့် ရင်ကော့ရင်း လမ်းလျှောက်ခြင်း လေ့ကျင့်ခန်းကို နံနက်ခင်းရန့်နှင့်အတူ မညည်းမညူ လုပ်ဖြစ်တော့မည့် ကိုယ့်ပုံရိပ်ကိုယ်မြင်ယောင်ရင်း ကြည်နူးမိသည်။

ထိုမှအစ ပင်စင်စားတို့ဘဝများကိုလည်း စိတ်ထဲလေးလေးနက်နက် စဉ်းစားမိသည်။ နိုင်ငံတာဝန်များကို ထမ်းဆောင်ကြသည့် နိုင်ငံ့ဝန်ထမ်းများ အနေနှင့် အချိန်တစ်ခုတွင် အကြောင်းအမျိုးမျိုးနှင့် အငြိမ်းစားဘဝကို ကူးပြောင်းကြရပေသည်။ အချို့နာမကျန်းပင်စင်၊ အချို့က သက်ပြည့်ပင်စင် စသဖြင့်ဖြစ်သည်။ ထို့ပြင် နိုင်ငံရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြသူများ အတွက် နိုင်ငံရေးပင်စင်ဆိုသည်ကလည်းရှိသေးသည်။ ထိုသော ပင်စင်စားတို့ အတွက် ပင်စင်လစာတို့ကို တွက်ချက်ခံစားစေရာတွင် နိုင်ငံတော်အစိုးရတစ်ရပ် အဖို့ သင့်တင့်လျောက်ပတ်သော ဘတ်ဂျက်ခွင့်ပြုမှုဘောင်ထဲမှ ခံစားခွင့်ပြုခဲ့ ပေသည်။ ထိုသို့ ခံစားခွင့်များ တွက်ချက်ရာတွင် ပင်စင်ခံစားသူများကား အချိန်နှင့်အမျှ တောက်လျှောက်မပြတ်တမ်းရှိနေကြပေရာ ပြောင်းလဲခဲ့သော လစာနှုန်းထားများအရ ပင်စင်လစာများသည်လည်း ကာလတစ်ခုနှင့်တစ်ခု မတူညီဘဲ ကွဲပြားခဲ့ပေသည်။ ထိုသို့ကွဲပြားခဲ့ရာမှ အချို့က ရာဂဏန်းမျှသာ ရရှိချိန်တွင် အချို့က ထောင်သောင်းမက ဖြစ်ခဲ့ကြရသည်။ နိုင်ငံတော်၏ ခန အင်အားပေါ်မူတည်လျက် နိုင်ငံတော်အစိုးရက ဆောင်ရွက်ရသည်ဖြစ်ရာ ဦးစားပေးအနေနှင့် နိုင်ငံတော်ယန္တရားကြီးကို လည်ပတ်နေရသော လက်ရှိ ဝန်ထမ်းများကို ဦးစွာထောက်ပံ့ခဲ့ရသည်ဖြစ်သော်လည်း နိုင်ငံနှင့်ပြည်သူ အတွက် အမြဲပင် ဦးစားပေးဆောင်ရွက် စောင့်ရှောက်ကြည့်ရှုခဲ့သည့် နိုင်ငံတော်အစိုးရသည် အခွင့်အလမ်းပေါ်လာသည်နှင့် ယခင်က စာရင်းတို့ရုံ တို့ထားခဲ့ရသော ပင်စင်လောကသားတို့ကို မျက်နှာသာပေးခဲ့ပေပြီ။ ယခု တစ်ကြိမ်သည်ကား ပင်စင်စားတို့အလှည့်ရောက်ခဲ့ပေပြီ။

၂၀၁၁ ခုနှစ် မတ်လ ၃၁ ရက်တွင် ကျင်းပသော မိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်းအခမ်းအနားတွင် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က မိန့်ခွန်းမြွက်ကြားရာ၌ **"ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်အသီးသီးရဲ့ တင်ပြချက်များအရ နိုင်ငံ့ဝန်ထမ်းများရဲ့ လစာနှင့်ပင်စင်တို့ကိုလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကိုအခြေခံ၍ နိုင်ငံတော်အတွင်း လှည့်လည်သုံးစွဲနေသော ငွေကြေးအခြေအနေ၊ ငွေကြေးဖောင်းပွမှုနှုန်းနှင့် ကုန်ဈေးနှုန်းအခြေအနေ၊ တစ်မျိုးသားလုံး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတို့ကို ထည့်သွင်းစဉ်းစားပြီး သင့်လျော်သောအချိန်ကာလတွင် တိုးမြှင့်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း"** စသည်ဖြင့် ပြောကြားခဲ့ပြီး ထိုသို့ပြော၍မျှမကြာမီ ရက်ပေါင်း ၁၀၀ မပြည့်မီအတွင်း၌ လက်တွေ့အကောင်အထည်ဖော်ပေးလိုက်ပေပြီ။

၂၀၀၈ ခုနှစ်တွင် ပြည်သူတို့၏ရာနှုန်းပြည့်နီးပါး ဆန္ဒမဲအများဖြင့် ဖြစ်တည်လာခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၀ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပနိုင်ခဲ့သည်။ ထိုရွေးကောက်ပွဲကြီးမှပင် ဒီမိုကရေစီနည်းကျစွာ နိုင်ငံတော်အစိုးရသစ်တစ်ရပ်ကို ဖြစ်တည်လာစေခဲ့သည်။ နိုင်ငံတော်အစိုးရသည် ကတိသစ္စာပြုပြီး ရက်ပေါင်း ၆၀ မျှမရှိမီမှာပင် အခြေခံကျလှသော ခြေလှမ်းတို့ကို ထင်ထင်ရှားရှား လှမ်းနိုင်ခဲ့ပေသည်။ ထိုခြေလှမ်းတို့အနက်မှ အရေးကြီးလှသော ခြေလှမ်း တစ်ခုသည်ကား ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ကျရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

ထိုအလုပ်ရုံဆွေးနွေးပွဲကြီးတွင် ပညာရှင်ခြောက်ဦးက ဆင်းရဲနွမ်းပါးမှု လျော့ကျရေးလမ်းပြစာတမ်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စီးပွားရေးတိုးတက်မှုတို့တွင် တွေ့ရှိရသော သဘောထားအမြင်ကွာဟမှုများနှင့် ပြင်ဆင်သင့်သည့် အချက်များ စာတမ်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစား ငွေချေးဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေး၊ ဘက်စုံစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အလေအလွင့်များ ပြန်လည်အသုံးချရေးစာတမ်း၊ လယ်ယာထွက်ကုန် ပစ္စည်းများ ရောင်းဝယ်ဖြန့်ဖြူးမှု ထိရောက်အကျိုးရှိစေခြင်းဖြင့် ကျေးလက်နေ ပြည်သူများ ဘဝမြှင့်တင်ရေးစာတမ်း၊ ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့် သမဝါယမ ကဏ္ဍစာတမ်းများအရ ချမှတ်သင့်သော ရှေ့လုပ်ငန်းစဉ်များ စာတမ်းတို့ကို ဖတ်ကြားရှင်းလင်းခဲ့ကြသည်။ စာတမ်းတို့ပါ အကြောင်းအရာများကား မိမိတို့လို လူပိန်းများအဖို့ သိသလိုလို ကြားဖူးသလိုလိုနှင့် တကယ်တော့ မည်သည့် နေရာကစပြီး မည်သို့ရှင်းရမည်ကို မသိသော အကြောင်းအရာများပင်တည်း။ စိုက်ပျိုးသူတောင်သူလယ်သမားများ၊ လယ်ယာထွက်ကုန်ရောင်းဝယ်သူများ၊ စီးပွားရေးပညာရှင်များ၊ လယ်ယာကဏ္ဍမှ နိုင်ငံတော်ဝန်ထမ်းများ လမ်းတစ် လမ်းတည်းသွားနေသော်လည်း အဖြေမှန်နှင့် တွေ့လွဲ လွဲနေခဲ့ခြင်းအပေါ် နိုင်ငံတော် အစိုးရက ယခုကဲ့သို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပကာ အဖြေမှန်ရှာနိုင်ရေး ဆောင်ရွက်ပေးခဲ့ပေပြီ။ အလုပ်ရုံဆွေးနွေးပွဲ၌ပင် ရှေ့ဆက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ (Plan of Action) ရေးဆွဲရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများကလည်း စေတနာရှေ့ ထားသုံးသပ်အကြံပြု ပါဝင်ဆွေးနွေးခဲ့ကြရာ မြိုင်ဆိုင်ဝေဆာလှသော ဆွေးနွေး ပွဲကြီးဖြစ်ခဲ့တော့သည်။

ထိုဆွေးနွေးပွဲများမှ ဖော်ထုတ်တွေ့ရှိချက်များအရ လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သမဝါယမ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့် လုပ်ငန်းကြီး(၈)ခုကို ရွေးထုတ်နိုင်ခဲ့သည်။ ထိုလုပ်ငန်းကြီးများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုနှုန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၁၆ ရာနှုန်းသို့ လျှော့ချနိုင်မည်ဖြစ်သည်။ ထိုလုပ်ငန်းများကို ထိထိ ရောက်ရောက်ဆောင်ရွက်နိုင်ရန်အတွက်လည်း ပြည်ထောင်စုအဆင့် ဗဟို ကော်မတီ၊ လုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လုပ်ငန်း ကော်မတီအသီးသီးကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပေသည်။

ထိုသို့ နိုင်ငံတော်လူဦးရေ၏ ၇၀ရာနှုန်းခန့်ဖြစ်သော ကျေးလက်နေ ပြည်သူတို့၏ ဘဝအခြေအနေမြင့်မားလာအောင် နည်းလမ်းမျိုးစုံရှာကြံလျက် ဆောင်ရွက်ပေးနေသကဲ့သို့ တစ်ဖက်မှလည်း နိုင်ငံ့တာဝန်ကို အပတ်တကုတ် ကြိုးပမ်းထမ်းဆောင်ခဲ့ကြသော နိုင်ငံဝန်ထမ်းဟောင်းများအတွက် သူတို့၏ ထမ်းရွက်ခဲ့မှုများအပေါ် တန်ဖိုးထား အသိအမှတ်ပြုသောအားဖြင့် ခေတ်ကာလ ရွေ့လျောမှုကြောင့် အလိုအလျောက်နည်းပါးသည့်အခြေသို့ ရောက်ခဲ့ရသော၊ မညီမျှသကဲ့သို့ဖြစ်ခဲ့ရသော ပင်စင်လစာများကို တစ်ပြေးညီတိုးမြှင့်ပေးရန် ဆောင်ရွက်ပေးခဲ့ပေသည်။

ဤလူ့ရွာလောက၌ မိဘက သားသမီးကို ကြည့်ရှုစောင့်ရှောက်သည်မှာ ဓမ္မတာဖြစ်သလို ထိုသို့စောင့်ရှောက်မှုသည်ပင်လျှင် လောကပါလတရားအရ မင်္ဂလာရှိသော ကြည်နူးဖွယ် ဆောင်ရွက်ချက်ဖြစ်သည်။ သို့သော် အလျင်ဖြစ် ခြင်း၊ မဖြစ်ခြင်းကိုတော့ နားလည်ပေးသင့်ပေသည်။ အချိန်တန်လျှင်တော့မိမိ တို့အလှည့် မရောက်မဖြစ်ရောက်လာလိမ့်မည်ဆိုသည်ကို ယုံကြည်ထားသင့်ပေ သည်။ မိမိတို့ငယ်စဉ်ဘဝက နံနက်ခင်းကျောင်းသွားခါနီး ထမင်းဘူးပြင်ကြရာ တွင် အလုပ်ခွင်ဝင်နေသူ အစ်ကိုကြီး၊ အစ်မကြီးတို့၏ ထမင်းဘူး၌ ပိုကောင်း သည့် ဟင်းကို မိခင်ကထည့်ပေးခြင်းအတွက် စောဒကတက်ခဲ့ဖူးသည်။ အလုပ် သွားမည့် ဖခင်ကြီး၏ ထမင်းဘူးတွင် ဟင်းဖတ်တို့ပိုသည်ကိုမြင်ပြီး မနာလို ဖြစ်ခဲ့ရဖူးသည်။ နောင်ကျမှသာ မိခင်ကြီး၏ ရှင်းပြမှုအရသော်လည်းကောင်း၊ မိမိတို့ကိုယ်တိုင်အလုပ်ခွင်ဝင်ရသောအခါကျမှသော်လည်းကောင်း၊ မိဘနှင့် ဒိုးတူပေါင်ဖက် အိမ်ထောင်စုဝင်ငွေကို ရှာဖွေနေသော သားသမီးများကို ဦးစွာ ကြည့်ရှုစောင့်ရှောက်ရခြင်း၏ သဘောကို နားလည်ခဲ့ရပေသည်။ သူတို့ကျန်းမာ ကြံ့ခိုင်မှသာ ဝင်ငွေပုံမှန်ရရှိမည်ဖြစ်သဖြင့် လုပ်ကိုင်နိုင်သူ၊ မလုပ်ကိုင်နိုင် သေးသူ၊ မလုပ်ကိုင်နိုင်တော့သူ အားလုံးပါဝင်သည့် မိသားစုကြီး၏ ဘဝရပ် တည်မှုခိုင်မာပေလိမ့်မည်။ ထိုသို့ လက်ရှိလုပ်ကိုင်နေသူတို့ အခြေခိုင်သွားပြီး မှသာ အိမ်၏ဝင်ငွေတိုးတက်လာပြီး ကျန်သူတို့အတွက် ဆက်လက်ကြည့်ရှု ဆောင်ရွက်နိုင်ပေလိမ့်မည်။ ဤသဘောအရပင် နိုင်ငံတော်အစိုးရက လက်ရှိ ဝန်ထမ်းများ၏ ဘဝရပ်တည်မှုခိုင်မာရေးဆောင်ရွက်ပြီးမှသာ မိမိတို့ ပင်စင်စား များဘက်သို့ လှည့်လာခြင်းကို နားလည်သဘောပေါက်ခဲ့ပြီးဖြစ်သလို အချို့က ဆန္ဒစောစွာဖြင့် အပြစ်တင်ခဲ့ကြ၊ စကားနာထိုးခဲ့ကြသည်ကိုလည်း ကိုယ်ချင်းစာ ခဲ့မိပေသည်။ ယခုတော့ ထိုအပြစ်တင်မှု၊ စကားနာထိုးမှုများသည်လည်း ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ရွေ့လျောကင်းစင် မူလပုံသွင် ပေါ်လွင်ခဲ့ရ ပေပြီ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည်ကား နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို အတည်ပြုနိုင်ခဲ့ခြင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးကျင်းပနိုင်ခဲ့ခြင်း၊ ထိုရွေးကောက်ပွဲများမှ ပြည်သူတို့က စိတ်တိုင်းကျရွေးချယ်ပေးလိုက်သော တိုင်းရင်းသားအစုံစုံ ကိုယ်စားလှယ်များ စုံညီစွာဖြင့် လွှတ်တော်အစည်းအဝေးများကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်း၊ ထိုလွှတ်တော်အစည်းအဝေးများမှ ဒီမိုကရေစီနည်းကျ နိုင်ငံတော်အစိုးရ တစ်ရပ်ကိုဖွဲ့စည်းဖြစ်တည်စေခဲ့ခြင်း၊ ထိုသို့ဥပဒေနှင့်အညီ ဖြစ်တည်လာခဲ့သည့် နိုင်ငံတော်အစိုးရက ပြည်သူတို့ဆန္ဒနှင့် ကိုက်ညီသော တိုးတက်ဖြစ်ပေါ် ပြောင်းလဲမှုများကို ဖန်တီးဖော်ဆောင်နိုင်ခဲ့ခြင်းစသည့် မင်္ဂလာရှိလှစွာသော တိုးတက်ဖြစ်ပေါ်မှုများအပြင် နတ်လူသာခုခေါ်လောက်သော ပင်စင်စားတို့၏ ဘဝအခြေမြင့်စေမည့် ပင်စင်လစာတိုးမြှင့်မှုကိုပါ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ရာ မင်္ဂလာပေါ်တွင် မင်္ဂလာဆင့်ခဲ့ပေပြီ။ ဤသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရသည် မသမာသူတို့၏ ထိုးနှက်တိုက်ခိုက်မှု၊ သားပုပ်လေလွင့် ပြောဆိုမှုမျိုးစုံအကြားမှ နိုင်ငံ့စီးပွားကို ခိုင်မာအောင် တည်ဆောက်ခဲ့ရသည်။ ကဏ္ဍအလိုက် သင့်တင့်လျောက်ပတ်သော အချိုးအစားဖြင့် ဘဏ္ဍာငွေသုံးစွဲ မှုကို စိစစ်ဆောင်ရွက်ခဲ့ရသည်။ မည်သည့်ကဏ္ဍတွင် မည်မျှသုံးသင့်သည်၊ မည်သည့်ကဏ္ဍအတွက် အသုံးပြုသည်မှာနည်းပါးလွန်းသည် စသည်ဖြင့် ပတ်ဝန်းကျင်မှ ထိုးနှက်လာသည့် အင်အားကြီးမားသော ထိုးနှက်ချက်တို့အကြား မှ ကြံ့ကြံ့ခံရပ်တည်လျက် ထိုသို့သော နိုင်ငံတော်အစိုးရ၏ စစ်စစ်ပေါက်ပေါက် ဆောင်ရွက်ချက်တို့က အကောင်အထည်ပေါ်ခဲ့ပေပြီ။

ယခုလို နိုင်ငံ့တာဝန်ကို ကြိုးပမ်းထမ်းဆောင်ခဲ့ကြသော မိမိတို့နိုင်ငံဝန်ထမ်း ဟောင်းများအတွက် ပင်စင်လစာများ တိုးမြှင့်၍ ချီးမြှင့်ခြင်းအားဖြင့် မိမိတို့ အတွက်သာ အကျိုးရှိရုံသာမက နိုင်ငံတော်အတွက်ပါ အကျိုးရှိနိုင်ပေသည်။ မည်သည့်နိုင်ငံသားမဆို နိုင်ငံတော်၏ ချီးမြှင့်ထောက်ပံ့မှုကို ရယူခံစားပြီးပြီ ဆိုသည်နှင့် ပြန်လည်ပေးဆပ်ဖို့တာဝန်က ရှိလာပြီဟု ခံစားမိသည်။ နိုင်ငံတော် အတွက် တစ်တပ်တစ်အား ကျရာကဏ္ဍမှ ပြန်လည်ပေးဆပ်ရန် အိုမင်းမစွမ်း ဘဝပိုင်ရှင် မိမိတို့ကပင် ဆန္ဒပြင်းပြနေပြီဖြစ်သည်။ ဤသို့ပင်လျှင် ထောင် ပေါင်းများစွာသော နိုင်ငံ့ဝန်ထမ်းဟောင်းအငြိမ်းစားတို့က ခံစားခံယူကြသည် ဖြစ်ပေရာ နိုင်ငံတော်တွင် အုတ်တစ်ချပ်သဲတစ်ပွင့်မက လုပ်အားကို တိုးတက်ရရှိ ပေဦးတော့မည်။ ယခုလို ပင်စင်လစာကို ခံစားကြရာတွင် နိုင်ငံဝန်ထမ်းများ အနက်မှ မည်သူ့ကိုမှ ချန်ထားရန် နိုင်ငံတော်တွင် ဆန္ဒမရှိ၊ ထောက်ခံသူဖြစ်စေ၊ မထောက်ခံသူဖြစ်စေ အငြိမ်းစားအားလုံး တူညီသောအခွင့်အရေးကို ခံစား နိုင်ပေတော့မည်။ မည်သည့်ပါတီဝင်ဖြစ်စေ နိုင်ငံဝန်ထမ်းဟောင်းဆိုသည်နှင့် ဤအကျိုးခံစားခွင့်ကို ရယူပိုင်ဆိုင်နိုင်မည်ဖြစ်ရာ အယူအဆမတူသည်ဖြစ်စေ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိသန်ရာသန်ရာကဏ္ဍမှ ပါဝင် ဆောင်ရွက်ကြသင့်ပေသည်။

မိမိအိမ်မှ သွားလေရာ ရောက်လေရာ အငြိမ်းစားတို့ဆုံစည်းရာ ရပ်ဝန်း တို့တွင်လည်း နိုင်ငံတော်အစိုးရက ယခုလိုပင်စင်လစာတိုးမြှင့်ပေးမှုအပေါ် ဝမ်းသာသော မျက်နှာတို့က မမြင်ရမရှိဖြစ်ဘိတော့သည်။ ဘတ်စ်ကားဂိတ်၊ ဘူတာရုံ၊ သဘော်ဆိပ်၊ စာကြည့်တိုက် စသည့် လူသူများပြားရာ နေရာတိုင်းတွင် ခေတ်အစားဆုံးဝေါဟာရသည်ကား ပင်စင်လစာပင်ဖြစ်တော့သည်။ လက်ဖက် ရည်ဆိုင်တိုင်းတွင်လည်း ထိုင်၍မှ ဖင်မကျခင် ပင်စင်ခေါင်းစဉ်က ဝင်လာ တော့ရာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ပြုံးမိကြတော့သည်။ ဤမျှ တန်ခိုးကြီးလှသော ပင်စင်ပင်တည်း။ စိုးရိမ်တတ်သူတချို့ကတော့ ဝိသမသမား တို့က ဤအခြေအနေအပေါ် အခွင့်ကောင်းယူ၍ ကုန်ဈေးနှုန်းကစားမည်ကို စိတ်ပူကြသည်။ သို့သော် ကာလတစ်လျှောက် ဤလိုဖြစ်စဉ်များ ရှိခဲ့မှုအပေါ် နိုင်ငံတော်က ဖြေရှင်းဆောင်ရွက်နိုင်ခဲ့မှု သာဓကများကို ပြန်မြင်ပြီး စိတ်အေး သွားကြပြန်တော့သည်။ အဆုံးဆိုရလျှင် မြန်မာနိုင်ငံတွင် မည်သည့်မိသားစုမဆို နိုင်ငံ့ဝန်ထမ်းဟောင်းက အနည်းဆုံးတစ်ဦးတော့ရှိကြသည်ဖြစ်ရာ တစ်နိုင်ငံလုံးရှိ မိသားစုအားလုံး ဝမ်းသာနေကြသည်ဆိုလျှင် မည်သူငြင်းနိုင်အံ့နည်း။

ဤနေရာတွင် နိုင်ငံရေးကိစ္စ စိတ်ဝင်စားကြသူများကလည်း ကျန်မနေ ခဲ့ဘဲ ဝမ်းသာမှုကို ဝေမျှခံစားကြပြန်သည်။ သူတို့ကတော့ **နိုင်ငံတော်အစိုးရက တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်တို့မှ ကိုယ်စားလှယ်တို့၏ တင်ပြချက်များ အပေါ် နိုင်ငံတော်အစိုးရက အလေးတယူပြု၍ ဆောင်ရွက်ပေးမှုကို မှတ်မှတ် သားသားရှိကြသည်။ သူတို့က နိုင်ငံတော်အစိုးရသည် နိုင်ငံတော်သစ်ရည်မှန်း ချက်ကို လုံးဝနောက်မဆုတ်တမ်း စခန်းသွားနေပြီဖြစ်ကြောင်း မှတ်ချက်ပြု ကြသည်။ လွှတ်တော်နိုင်ငံရေးပုံစံ ပီပြင်လာမှုကိုလည်း အသိအမှတ်ပြုကြသည်။ ခေတ်အဆက်ဆက် ပင်စင်စားတို့ လိုချင်တောင့်တနေခဲ့သော အငြိမ်းစားလစာ တိုးမြှင့်ရေးကို ဒီမိုကရေစီနည်းကျကျ ဆောင်ရွက်ပေးခဲ့ပြီဖြစ်ရာ နိုင်ငံပြုပြင် ပြောင်းလဲရေးလုပ်ငန်းတို့ကို အရှိန်အဟုန်ဖြင့် စတင်ခဲ့ပြီဖြစ်သည်ကို မျက်မြင် တွေ့နေရပြီဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ပြောင်းလဲချီတက်ရေး လုပ်ငန်းစဉ်များတွင် ယခုလို အငြိမ်းစားလစာကွာဟမှုများ ညှိနှိုင်းပေးခြင်းမှာ အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ မိမိတို့အနေဖြင့်လည်း နိုင်ငံတော် အစိုးရ၏ ဒီမိုကရေစီစနစ်ဖော်ဆောင်နေမှုများအပေါ် ကိုယ်စွမ်းဉာဏ်စွမ်းရှိ သမျှ အားဖြည့်ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လက်ဖက်ရည်ခွက်ကိုင်ရင်း ရှင်းရှင်းလင်းလင်း အာပေါင်အာရင်းသန်သန်ဖြင့် ပြောနေတော့ရာ ကြားရသူ မိမိမှာ ဝမ်းသာပီတိအဟုန်ကြောင့် စကားတို့ဆုံးအောင်ပင် မစောင့်နိုင်တော့ဘဲ မျက်ရည်ပင်ဝဲရတော့သည်။**

အိမ်သို့ အပြန်လမ်းတွင်မူ ဆေးပေးမီးယူလမ်းလျှောက်ကြိမ်တုတ်ကလေး က ယခင်ထက်ပင်ပို၍ အားအင်ချည့်နဲ့လာသလို ထင်ရသည်။ စိတ်ထဲတွင် စတိုးဆိုင်ဗီရိုထဲမှ ခေတ်ပေါ်လမ်းလျှောက်တုတ်အသစ်ကလေးက ယခုပင် လက်တွင်းရှိသယောင် ခံစားနေရသည်။ ပင်စင်လစာအသစ်မရမီ မိမိမျှော်လင့် ချက်အတည်ဖြစ်စေရေး စရန်လေးတော့ ပြေး၍ ပေးထားရပေဦးမည်။ အဟောင်းတို့ကား မဖြစ်မနေ ကျန်ခဲ့ရပေတော့မည်။ လွှတ်မပစ်၊ ဖျက်ဆီး မပစ်နိုင်သော်လည်း အသုံးတော်ခံနိုင်မှုတော့ မရှိတော့ပြီတည်း။ လမ်းလျှောက် တုတ်အသစ်ကလေးအားကိုးဖြင့် ယခုထက်ပိုဝေးသော အကွာအဝေးထိ မိမိ လျှောက်နိုင်ပေဦးတော့မည်။ နိုင်ငံတော်က မိမိတို့အပေါ်ထားရှိသော မေတ္တာ စေတနာတို့က မိမိ၏ကျန်းမာရေးဘဝသာမက နိုင်ငံတော်တစ်ခွင်လုံးမှ အငြိမ်း စားတို့၏ မိသားစုဘဝများကို ကဏ္ဍပေါင်းစုံ၌ ထွန်းလင်းတောက်ပစေပေ လိမ့်မည်။ ။

ပြည်သူအပေါ် ကိုယ်ချင်းစာတရားထားကာ ယဉ်ကျေးပျူငှာစွာ ဆက်ဆံ ပြည်သူက ယုံကြည်ကိုးစားသည့် ပြည်သူ့ဝန်ထမ်းများဖြစ်စေရန် အစဉ်ကျင့်ကြံ

နေပြည်တော် ဇူလိုင် ၄

အရည်အချင်းပြည့်ဝသော ဝန်ထမ်းကောင်းများဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့သည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လုပ်ငန်းခွင်သင်တန်း (၁/၂၀၁၁)ဆင်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ တက်ရောက်၍ အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများအပါအဝင် ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အစိုးရသစ်၏ မူဝါဒများကို သိရှိနားလည်ပြီး မိမိဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတာဝန်(၃)ရပ်နှင့် ရည်မှန်းချက်တာဝန်(၉)ရပ်တို့ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ မိမိဌာန ဝန်ထမ်းများသည် နိုင်ငံတော်၏ တံခါးမှူးများဖြစ်သည်နှင့်အညီ မျိုးချစ်စိတ်ဓာတ်ကိုအရင်းခံကာ နိုင်ငံတော်နှင့် ပြည်သူအတွက် တာဝန်သိသိ၊ သစ္စာရှိရှိ ဆောင်ရွက်ကြရန်၊ ပြည်သူနှင့် အမြဲထိတွေ့ဆက်ဆံရသူများဖြစ်၍ ပြည်သူအပေါ် ကိုယ်ချင်းစာတရားထားကာ ယဉ်ကျေးပျူငှာစွာ ဆက်ဆံကြရန်နှင့် လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းစွာဖြင့် လုပ်ငန်းများကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြရန်၊ မိမိဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်သူများ သိရှိနားလည်သဘောပေါက်ပြီး ပြည်သူက ယုံကြည်ကိုးစားသည့် ပြည်သူ့ဝန်ထမ်းများ ဖြစ်စေရန် အစဉ်ကျင့်ကြံ ကြိုးပမ်းဆောင်ရွက်ကြရန် စသည်ဖြင့် မှာကြားသည်။

အဆိုပါ လုပ်ငန်းခွင်သင်တန်းသို့ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ အရာထမ်း ၁၉ ဦး၊ အမှုထမ်း ၂၁ဦး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၄၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ် ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် သီးနှံအထူးပြုကုမ္ပဏီများ၏ ပံ့ပိုးမှုအရေးပါ ကုမ္ပဏီများ ဆက်လက်တိုးချဲ့ ဖွဲ့စည်းပေးသွားမည်

နေပြည်တော် ဇူလိုင် ၄

ကဥ္စနကျွန်းသာ ကုမ္ပဏီလီမိတက်က တောင်သူများအား မိုးစပါးစိုက်ပျိုးရန် ငွေကြေးနှင့် သွင်းအားစု ပံ့ပိုးပေးအပ်ခြင်း၊ မြို့နယ်နှင့် ကျေးလက်ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးအထောက်အကူပြု ဟောပြောပွဲ၊ ဂုဏ်ပြုပွဲနှင့် ကုသမှု၊ လှူဒါန်းမှု အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ဓနုဖြူမြို့နယ် ရေတွင်းကုန်းကျေးရွာ လျှော်ရွှေးလျှော်ထုတ် စက်ရုံခန်းမ၌ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြားရာတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် ကျေးလက်နေပြည်သူများ၏ အဓိကအသက်မွေးဝမ်းကျောင်းဖြစ်သည့်အတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးမှုသည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုသာမကဘဲ ကျေးလက်နေပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုကို သိသိသာသာ လျှော့ချနိုင်ကြောင်း၊ အထူးပြုကုမ္ပဏီများအနေဖြင့် လယ်သမားများလိုအပ်သော ချေးငွေပံ့ပိုးပေးရုံသာမကဘဲ မျိုးကောင်းမျိုးသန့်၊ ဓာတ်မြေဩဇာ၊ စိုက်ပျိုးနည်းပညာနှင့် လယ်ယာသုံးစက်ကိရိယာ အသုံးပြုနိုင်ရေးအတွက်ပါ ပံ့ပိုးပေးရသည့်အတွက် လယ်ယာကဏ္ဍတိုးတက်မှုအတွက် အရေးပါသော ဆောင်ရွက်မှုဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၌ ဆန်စပါးအထူးပြုကုမ္ပဏီ ၂၀၀၉ ခုနှစ်တွင် ၁၆ ခုသာရှိခဲ့ရာမှ ယခု ၂၃ ခု ရှိလာသည့်အတွက် ချေးငွေပံ့ပိုးမှုပမာဏ ပိုမိုများပြား တိုးတက်လာကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် သီးနှံအထူးပြုကုမ္ပဏီများ၏ ပံ့ပိုးမှုအရေးပါသည့်အတွက် ကုမ္ပဏီများ ဆက်လက်တိုးချဲ့ ဖွဲ့စည်းပေးသွားမည်ဖြစ်ကြောင်းနှင့် ရရှိသောချေးငွေနှင့် ပံ့ပိုးမှုများကို လယ်သမားများက အထိရောက်ဆုံးနှင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မှုရှိအောင် ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ဆန်စပါးအများဆုံးထုတ်လုပ်သည့် ဆန်အိုးကြီးဖြစ်ကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် ဆန်စပါးပိုမိုထုတ်လုပ်နိုင်ရေးအတွက် အထူးပြုကုမ္ပဏီများ၏ ပံ့ပိုးမှုများအပေါ် အကျိုးရှိရှိ မှန်မှန်ကန်ကန် အသုံးပြုစေလိုကြောင်း ပြောကြားပြီး ကဥ္စနကျွန်းသာ ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးချစ်ခိုင်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကဥ္စနကျွန်းသာကုမ္ပဏီလီမိတက်မှ ဓနုဖြူမြို့နယ်အတွင်းရှိ လယ်သမား ၃၆၀၀ ကျော်အား ငွေကျပ်သိန်းပေါင်း သုံးသောင်းကျော် ချေးငွေပံ့ပိုးထုတ်ပေးနေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာကံညွန့်၊ အသည်းအထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင်ဝင်းနှင့် ဆေးတက္ကသိုလ်(၂) ပါမောက္ခချုပ် ဒေါက်တာတင့်ဆွေလတ်တို့က ကျန်းမာရေးနှင့် ပတ်သက်၍ လည်းကောင်း၊ မိုးလေဝသပညာရှင် ဦးထွန်းလွင်က မိုးလေဝသအခြေအနေများကိုလည်းကောင်း ဟောပြောကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့်အဖွဲ့သည် ကဥ္စနကျွန်းသာ ဆန်စပါးအထူးပြု ကုမ္ပဏီလီမိတက်က မူလတန်းကျောင်း ခုနစ်ကျောင်း၊ ဓနုဖြူမြို့နယ်မှ ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများ ဂုဏ်ပြုပွဲနှင့် မျက်စိဝေဒနာရှင်များအား အခမဲ့ဆေးကုသပေးနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြသည်။

(သတင်းစဉ်)



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး မုံရွာမြို့ ပညာ့အလင်း ခေတ်မီစာကြည့်တိုက်တွင် ရွှေနဂါးမင်းကုမ္ပဏီက လှူဒါန်းထားသော ကွန်ပျူတာများအား Computer Training Center ၌ တပ်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၇-၂၀၁၁ (အင်္ဂါနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "စိတ်ယဉ်ကျေးမှုချမ်းသာရ" တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
- ၆း၄၅ ဖူးစို့ဘုရားစုံ မြို့ဖျာပုံ
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၅၅)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၁၁၃)**
- ၈း၅၀ 7 Diamonds Live Show(Part-2)
- ၉း၄၅ Cartoon show Time (Animal United)
- ၁၀း၂၅ မန္တလာမြေမှ ရွှေမင်းသမီး
- ၁၀း၃၅ Celebrity Style (ဝိုင်းစုခိုင်သိန်း)
- ၁၀း၅၀ Activities In The City (အစားအစာနှင့်ဓာတုဗေဒ အင်ဂျင်နီယာများ၏ ဒုတိယမိခင်၊ ဖခင်များအား ပူဇော်ပွဲ)
- ၁၁း၁၀ အပန်းဖြေကြည့်ရှုစရာဇာတ်ကား မိတ်ဆက်ကဏ္ဍမှာ "အဖြူရောင်နှလုံးသား တစ်ထောင့်မှာ" ဇာတ်ကား
- ၁၁း၂၅ ရန်ကုန်မြင်ကွင်းကျယ် [ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်လှူ]
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၀၅ သင်ကြားရေးလမ်းညွှန် (NELC Mandalay)
- ၁၂း၂၅ ပတ္တမြားမြေတန်းမြင့်ကျောင်း၏ မြင်းမိုရ်မက ဂါရဝ
- ၁၂း၄၅ တံ့တွေးမြို့ ၂၀၁၁ သဲပုံစေတီပွဲတော်
- ၁း၀၀ "စိတ်ယဉ်ကျေးမှုချမ်းသာရ" တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ ရင်သွေးငယ်များရဲ့ အနာဂတ်အတွက် စိတ်ချယုံကြည် ခိုင်မာစေသည့်. . . SDEC
- ၂း၄၀ Myanmar Golf Club ၏ နှစ်ပတ်လည်အခမ်းအနား
- ၂း၅၀ Activities In The City [ပါမောက္ခဒေါက်တာမြသိန်းဟန် ရေးသားသည့်စာအုပ်သစ်များ မိတ်ဆက်ပွဲ]
- ၃း၀၀ ဖက်ရှင်ကျကျဒီဇိုင်းလှလှ
- ၃း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၅၅)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၁၁၃)**
- ၄း၅၀ တက္ကသိုလ်ဝင်တန်း သင်ခန်းစာ Open Courseware Myanmar (အင်္ဂလိပ်စာ) (အပိုင်း-၁)
- ၅း၂၅ The Champion of Dance
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၅၆)**
- ၇း၀၅ 7 Diamonds Live Show(Part-3)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ အဆစ်ရောင်ခါးနာ (ပါမောက္ခဒေါက်တာချစ်စိုး)
- ၈း၄၀ Celebrity Choice(မေစပယ်ညို)
- ၉း၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉း၄၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **"အနားမညီအချစ်" (အပိုင်း-၁၁၄)**
- ၁၀း၃၀ World of Knowledge (Engineering Connection Miliau Sky Bridge)
- ၁၁း၂၀ ရတနာရွှေသိုက်
- ၁၁း၂၅ တက္ကသိုလ်ဝင်တန်း သင်ခန်းစာ Open Courseware Myanmar (အင်္ဂလိပ်စာ) (အပိုင်း-၂)
- ၁၁း၄၅ "ဘိသိက်ပြိုင်" [အကယ်ဒမီမိုးဒီ၊ ဇော်ဝင်းနိုင်(မန်း) နှင့်သရုပ်ဆောင်များ] ဒါရိုက်တာ-ဉာဏတင်စိုး
- ၁း၀၅ အနုပညာမိုးကောင်းကင်
- ၁း၂၅ ဆင်စွယ်ပန်းပုအခြေပြု လူ့လောကကို အလှဆင်မည်
- ၁း၄၅ Celebrity Profile(Jet Li)
- ၂း၁၅ ဒို့တိုင်းဌာနီဧရာဝတီ (ဥတိုပေါ်ဆန်းစပါး)
- ၂း၄၀ ဖွံ့ဖြိုးတိုးတက်နေသော နေပြည်တော်
- ၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၅ ပုညာရာမမိုးကုတ်ဝိပဿနာ ကျောင်းတိုက်၏တစ်သက်စာ ဝိပဿနာ
- ၄း၃၅ ယဉ်ကျေးလိမ္မာတတ်သိစေတာ အောင်ပရဟိတမှာ
- ၄း၄၅ ဖူးမြော်ကြည်ညိုဖွယ်ရာ စစ်ကိုင်းမြို့မှ တန်ခိုးကြီးစေတီများ
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မုံရွာမြို့ ပြည်သူ့ဆေးရုံ တိုးချဲ့နှစ်ထပ်လူနာဆောင် ဆောက်လုပ်မှုနှင့် ပညာ့အလင်း ခေတ်မီစာကြည့်တိုက် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၄

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဇွန် ၃၀ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကာ အဆောင်(D)သံကူကွန်ကရစ် တိုးချဲ့နှစ်ထပ်လူနာဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေကြသော လူနာများအား ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် မုံရွာမြို့ ပညာ့အလင်းခေတ်မီစာကြည့်တိုက်သို့ ရောက်ရှိကာ ရွှေနဂါးမင်းကုမ္ပဏီက လှူဒါန်းထားသော ကွန်ပျူတာများကို Computer Training Center ၌ တပ်ဆင်ထားရှိမှုနှင့် စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဇူလိုင် ၁ ရက် နံနက်ပိုင်းတွင် ရွှေနဂါးမင်းကုမ္ပဏီက တည်ဆောက်နေသော မုံရွာမြို့ ချင်းတွင်းရတနာ နှစ်ထပ်ဈေး တည်ဆောက်ရေးလုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ စုပေါင်း သွေးလှူဒါန်း

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ပဌာန်းရောင်တော်ဖွင့်အသင်းမှ အသင်းဝင် ၆၅ ဦးတို့သည် ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ တက်ရောက်ကုသမှုခံယူနေကြသော လူနာများ အသုံးပြုရန် နဝမအကြိမ် စုပေါင်း သွေးလှူဒါန်းကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပဲခူးမြို့ ကုသိုလ်ဖြစ် သံဃာဆေးကုဌာနသို့ ငွေလှူဒါန်း

ပဲခူး ဇူလိုင် ၄

ပဲခူးမြို့ ကြည်တော်ကုန်း(ခ)ရပ်ကွက် (၄)လမ်းနေ ဦးဝင်းရွှေနှင့် မောင်နှမတစ်စုတို့က ပဲခူးမြို့ ကုသိုလ်ဖြစ် သံဃာဆေးကုဌာနသို့ အလှူငွေပေးအပ်ပွဲကို ဇွန် ၁၄ ရက် နံနက်က ဆေးခန်းတည်ရှိရာ ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ အရှေ့ဘက် သုဒဿနလမ်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ဘဏ္ဍာရေးမှူး ဦးကျော်က လှူဒါန်းငွေကျပ် ၁၀ သိန်းကို လက်ခံရယူသည်။ ဆေးကုခန်းကို ပတ္တမြားဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများ၏ ပုံမှန်မတည် လှူဒါန်းငွေ အပါအဝင် စေတနာရှင်များ၏ လှူဒါန်းငွေဖြင့် ကုသပေးလျက်ရှိသည်။

(၄၀၃)

သွေးလွန်တုပ်ကွေး ကာကွယ်ရေး ငါးသိုင်းချောင်း၌ ဆောင်ရွက်

ငါးသိုင်းချောင်း ဇူလိုင် ၄

ငါးသိုင်းချောင်းမြို့ မြို့မရပ်ကွက်နှင့် ရွှေဘိုရပ်ကွက်များအတွင်း သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် (Abate) ဆေးများ ရေကန်အတွင်းထည့်ခြင်း လုပ်ငန်းကို မြို့နယ်မှ တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။

(ကြေးမုံ)

အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍ တိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲဆိုင်ရာ စိစစ်ရေးအဖွဲ့ ဆွေးနွေးပွဲကျင်းပ

နေပြည်တော်　ဇူလိုင်　၄

အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍ တိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲဆိုင်ရာ စိစစ်ရေးအဖွဲ့၏ ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး တက်ရောက်အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးအေးကြူနှင့် ဦးဘရွှေ၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးတင်ဖေ၊ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးတင်ညို၊ ပါမောက္ခချုပ်(ငြိမ်း) ဦးကျော်မြင့်ဦး၊ ကျောင်းအုပ်ကြီး(ငြိမ်း) ဦးစိုင်းအောင်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ဦးကြည်သန်းတို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲ တက်ရောက်လာကြသူများက အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍနှစ်ရပ်တွင် ကဏ္ဍအလိုက် အဆင့်မြင့်တင်ရေးဆိုင်ရာ အကြံပြုချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁)ပထမနေ့ကျင်းပ

နေပြည်တော်　ဇူလိုင်　၄

ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဘားအံမြို့ရှိ ကရင်ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မင်း၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၂၃ ဦးရှိရာ အားလုံး တက်ရောက်သည့်အတွက် ရာနှုန်းပြည့် တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ ကရင်ပြည်နယ် ဝန်ကြီးဌာနများ ပြင်ဆင်ဖွဲ့စည်းနိုင်ရန် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြပြီး အတည်ပြုချက်ရယူရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ပြင်ဆင်ဖွဲ့စည်းသည့် ဝန်ကြီးဌာနများမှာ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဌာန၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန၊ စီမံကိန်းနှင့်စီးပွားရေး ဝန်ကြီး ဌာန၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စက်မှုလက်မှု ဝန်ကြီး ဌာန၊ စည်ပင်သာယာရေး ဝန်ကြီးဌာနနှင့် လူမှုရေးဝန်ကြီးဌာနတို့ဖြစ်သည်။

ထို့နောက် ကရင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၂) မွမ်းမံသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန်　ဇူလိုင်　၄

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံခန့်ခွဲရေး ဝန်ထမ်းအဆင့်(၂) မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၁၁) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေး ပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်း၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသား အရာရှိ ၅၁ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန စီမံခန့်ခွဲရေး ဝန်ထမ်းအဆင့်(၂) မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၁၁) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့အခမ်းအနား မန္တလေးမြို့၌ကျင်းပ

နေပြည်တော်　ဇူလိုင်　၄

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက်တွင် မန္တလေး မဟာအောင်မြေမြို့နယ် သိပ္ပံလမ်းရှိ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ကိုယ်စား အဖွဲ့ဝင်ဒေါ်နှင်းနှင်းအေးက အမှာစကားပြောကြားသည်။

ထို့နောက် ထူးချွန်ဆုရရှိသူအမျိုးသမီးများအား ဆုချီးမြှင့်ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကျင်းပသည့် ဆောင်းပါးပြိုင်ပွဲတွင် အထူးဆုရရှိကြသည့် ဦးစိုးမြင့်(ဖိုးရာဇာ သာစည်)နှင့် မရင်အေးမွန်၊ ပညာရေးထူးချွန် အမျိုးသမီးများ၊ အားကစားထူးချွန်အမျိုးသမီးများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် ရွှေတံဆိပ်ဆုရ အားကစားသမားများအား တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်များကလည်းကောင်း၊ လူမှုရေးလုပ်ငန်းဆောင်ရွက်ချက် ထူးချွန် အမျိုးသမီးများအား တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မြင့်မြင့်ဦးက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ အခမ်းအနား မြစ်ကြီးနားမြို့၌ ကျင်းပ

နေပြည်တော်　ဇူလိုင်　၄

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ဝါဝါခိုင်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကံဆီးဆိုင်းလုံ(**ဝဲပုံ**)၊ ပြည်နယ် လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါ်ဘောက်ဂျာနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၏ဇနီး ဒေါ်ထုဆိုင်တို့က ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ခြောက်ဘာသာဂုဏ်ထူးရှင် ၁၀ ဦးတို့အား ဆုများ ပေးအပ်ချီးမြှင့်ကြပြီး တာဝန်ရှိသူတို့က အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်တို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူတို့အား ဆုများချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နုနုရီက အမျိုးသမီး ထူးချွန်ဆုရ မဂရေ့စ်ဆာမ်းနန် (ထူးချွန်ကြက်ခြေနီ)၊ တိုင်းဒေသကြီး/ပြည်နယ် အေရိုးဗစ်ပြိုင်ပွဲတွင် သုံးနှစ်ဆက်တိုက် တံခွန်စိုက်ဆုရရှိခဲ့သော ပြည်နယ်လက်ရွေးစင် အေရိုးဗစ်အဖွဲ့နှင့် (၄၄)ကြိမ်မြောက် သွေးလှူရှင် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ယဉ်ယဉ်မြင့်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးနှင့် ပြည်နယ်ဝန်ကြီးများ၏ ဇနီးများက ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအတွက် ငွေကျပ်သုံးသိန်းနှင့် အမျိုးသမီးရေးရာအဖွဲ့သို့ ငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ ဦးသီဟ-ဒေါ်ခေါင်နန်း မိသားစုက ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအတွက် ငွေကျပ်နှစ်သိန်းနှင့် အမျိုးသမီးရေးရာအဖွဲ့သို့ ငွေကျပ်တစ်သိန်းတို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြသည်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုပြပွဲ မန္တလေးမြို့၌ ကျင်းပ

နေပြည်တော်　ဇူလိုင်　၄

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ဇူလိုင် ၁ ရက် နံနက် ၈ နာရီတွင် မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ မြို့တော်ခန်းမ(၁)၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါ်မြတ်ငွေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၏ ဇနီးများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဌေးဌေးအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနမှူးများ၊ အဖွဲ့ခေါင်းဆောင်များ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲနှင့် ပြပွဲမှ အမျိုးသမီးငယ်လေးများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဌေးဌေးအောင်က အမှာစကားပြောကြားပြီး အလှူရှင်များဖြစ်ကြသည့် ဦးတင်မောင်၊ ဒေါ်နန်းလှစိန်(နန်းတော်ဆေးရုံ)က ငွေကျပ် ၁၀ သိန်း၊ ဦးကျော်ကျော်ဝင်း-ဒေါ်သန်းသန်းအေး (နယူးစတားလိုက်-ကုမ္ပဏီ)က ငွေကျပ် ၁၀ သိန်း၊ ဦးစောငြိမ်းနှင့် ဦးလှမျိုး(မဟာအောင်မြင်သူ ကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၀ သိန်း၊ ဒေါ်ထွေးထွေးနိုင် (ကွန်ကရစ်လုပ်ငန်း)က ငွေကျပ် ငါးသိန်း၊ ဦးမောင်မောင်-ဒေါ်ခင်စန်းရီ (ရီရှင်းကုမ္ပဏီနှင့် ညိမ်းဆေးရုံ)က ငွေကျပ်ငါးသိန်း၊ ဦးလှထွန်း- ဒေါ်စန်းစန်းဝေ(ရှမ်းပျိုမယ်-တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး)က ငွေကျပ်ငါးသိန်း၊ ဦးမင်းနိုင်ဆွေ အပါအဝင် အလှူရှင် ၁၁ ဦးတို့က အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက လက်ခံသည်။

ထို့နောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲတွင် အမျိုးသမီးငယ် ၁၄ ဦးတို့က အလှပြယှဉ်ပြိုင်ကြပြီး အမျိုးသမီးငယ်ငါးဦးက သတို့သမီးဝတ်စုံဖြင့် လည်းကောင်း၊ အမျိုးသမီးငယ်ခြောက်ဦးက ပွဲတက်ဝတ်စုံဖြင့်လည်းကောင်း ဝတ်ဆင်သရုပ်ဖော်ပြသခဲ့ကြသည်။ (သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဆွေးနွေးဟောပြော

ရန်ကုန်　ဇူလိုင်　၄

ရန်ကုန်တိုင်းဒေသကြီး ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၃) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူး မြင့်အောင်နှင့်အဖွဲ့သည် ဇူလိုင် ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၅၁၅ ဦးတို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများ အသိပညာပေးဟောပြောပို့ချခဲ့သည်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဘုရင့်နောင်လမ်းအပိုင်း(၂)ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးရဲမြင့်ထွန်း ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းပွဲ ပခုက္ကူမြို့၌ ကျင်းပ

ပခုက္ကူ　ဇူလိုင်　၄

ပခုက္ကူမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ထမ်းပြည်သူများ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းဆိုင်ရာ အခွန်ပညာပေးရှင်းလင်းပွဲကို ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် ပခုက္ကူမြို့ အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယဦးစီးမှူး ဦးမင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အခွန် ဦးစီးဌာနမှူး ဦးစိုးမိုးနိုင်က အခွန်ဆိုင်ရာ လိုက်နာရမည့်အချက်များနှင့် သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး အခွန်ထမ်းပြည်သူများသိလိုသည်များကို မေးမြန်းရာ မြို့နယ်မှူးက သိလိုသည့်အချက်များကို ဖြည့်စွက်ရှင်းလင်းသည်။ (၅၇၁)

ဗိသုကာပညာ ဆွေးနွေးမည်

ရန်ကုန်　ဇူလိုင်　၄

မြန်မာနိုင်ငံဗိသုကာအသင်းမှ စီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ (၀၉/၂၀၁၁)ကို ဇူလိုင် ၉ ရက် မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ (လှိုင်တက္ကသိုလ်နယ်မြေဝင်း) တတိယထပ်၌ ကျင်းပမည်ဖြစ်ရာ ယင်းဟောပြောပွဲတွင် ဦးထိပ်တင်ထွန်းမှ ဟောပြောမည်ဖြစ်ပြီး ဗိသုကာများနှင့်တကွ စိတ်ပါဝင်စားသူများ ဖုန်း-၀၉-၇၃၁၅၄၄၆၀၊ ၀၁-၅၁၉၆၇၃~၇၆ (လိုင်းခွဲ-၁၁၉)သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ရေယာဉ်နှင့်ခရီးသည်အန္တရာယ်ကင်းရှင်းရေး ရေယာဉ်အဟောင်းများကို အစားထိုးလဲလှယ် နိုင်ငံတော်ကပေးအပ်သည့် တာဝန်များကို ဌာနအနေဖြင့် ဆက်လက်တာဝန်ယူ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၄

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနသည် ၁၈၆၅ ခုနှစ်မှစ၍ သန္ဓေတည် အစပြုတည်ထောင်ခဲ့ပြီး နှစ်ပေါင်း ၁၄၀ ကျော် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ခရီးသည်နှင့် ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်ပေးနေသော ဌာနကြီးတစ်ခုဖြစ်ကြောင်း၊ ရန်ကုန်မှ ဗန်းမော်အထိ ဧရာဝတီမြစ်ကြောင်း၌ ခရီးလမ်းမိုင် ၁၇၄၉ မိုင်၊ ချင်းတွင်းမြစ်ကြောင်းတွင် မုံရွာမှ ခန္တီးအထိ ခရီးလမ်းမိုင် ၁၀၅၅ မိုင်၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ရန်ကုန်အခြေပြုမှ ပြည်၊ ဟင်္သာတ၊ မအူပင်၊ မြောင်းမြ၊ ပုသိမ်၊ ကျုံမငေး၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ဖျာပုံစသည့်မြို့များသို့ ခရီးလမ်းပေါင်း ၂၈ လမ်း၊ ကူးတို့လမ်း ခုနစ်လမ်းဖြင့် ပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေရကြောင်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် တစ်နှစ်လျှင် ခရီးသည် ၂၇ ဒသမ ၅၆ သန်းကျော်၊ တစ်လလျှင် ၂ ဒသမ ၃ သန်းခန့်နှင့် တစ်ရက်လျှင် ခရီးသည် ခုနစ်သောင်းကျော်ခန့် သယ်ဆောင်ပေးနေပြီး ကုန်တန်အနေဖြင့် တစ်နှစ်လျှင် ၄ ဒသမ ၇၉ သန်း၊ တစ်လလျှင် ၀ ဒသမ ၄၀သန်းနှင့် တစ်ရက်လျှင် တစ်သောင်းကျော်ခန့် သယ်ဆောင်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသော ဌာနကြီးတစ်ခုဖြစ်ကြောင်းဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ဇူလိုင် ၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘောကျင်းသို့ ရောက်ရှိစဉ် ဝန်ထမ်းများနှင့်တွေ့ဆုံရာ၌ ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရေယာဉ်နှင့်ခရီးသည်အန္တရာယ်ကင်းရှင်းရေးနှင့် စီးပွားရေးတွက်ခြေကိုက်စေရန် ဤနှစ်မှစ၍ ရေယာဉ်အဟောင်းများကို အစားထိုးလဲလှယ်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဤသို့ အစားထိုးလဲလှယ်ရာတွင် ဧရာဝတီ၊ ချင်းတွင်းစသည့် မြစ်ကြောင်းများနှင့် ဒေသအလိုက် ရာသီဥတုအခြေအနေ၊ ရေလမ်းကြောင်းအခြေအနေ၊ သယ်ယူပို့ဆောင်ပေးရမည့် ခရီးသည်နှင့် ကုန်ပစ္စည်းတို့နှင့် ကိုက်ညီမှုရှိမည့် ရေယာဉ်များ၏ ဒီဇိုင်းပုံစံများကို မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းတို့မှ ပညာရှင်များ၏ အကူအညီရယူပြီး ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အင်ဂျင်နီယာများက ရေးဆွဲတင်ပြကြရမည်ဖြစ်ကြောင်း၊ ရေယာဉ်အင်ဂျင်များကိုလည်း နည်းပညာမြင့်မားပြီး ဆီစားနှုန်းသက်သာသည့် အင်ဂျင်များအသုံးပြု တည်ဆောက်ထားသော ရေယာဉ်များနှင့် အစားထိုးလဲလှယ် ပြေးဆွဲသွားကာ သမိုင်းအစဉ်အဆက်၊ ခေတ်အဆက်ဆက် နိုင်ငံတော်ကပေးအပ်သည့် တာဝန်များကို ဌာနအနေဖြင့် ဆက်လက်တာဝန်ယူ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးအား သင်္ဘောကျင်း ဧရာခန်းမ၌ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အလုံသင်္ဘောကျင်း ဒုတိယအင်ဂျင်နီယာမှူးကြီးတို့က ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ လုပ်ငန်းဆောင်ရွက်မှုများ၊ အလုံသင်္ဘောကျင်း၌ ရေယာဉ်များပြုပြင်ပေးနိုင်မှု၊ ရေယာဉ်များတည်ဆောက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အလုံသင်္ဘောကျင်းအတွင်း ရေယာဉ်များပြင်ဆင်တည်ဆောက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပန်းဆိုးတန်း-ဒလ ကူးတို့လမ်း ဆိပ်ကမ်း၌ ကူးတို့သင်္ဘောများ ပြေးဆွဲနေမှု၊ ခရီးသည်များ လိုက်ပါစီးနင်းမှု အခြေအနေတို့ကို လည်းကောင်း၊ ရန်ကုန်မြို့မှ မြောင်းမြ၊ မော်လမြိုင်ကျွန်းမြို့များသို့ ထွက်ခွာမည့်ရေယာဉ်များကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ပန်းဆိုးတန်း-ဒလ ကူးတို့လမ်းသည် တစ်နေ့လျှင် ၄၈ ခေါက်ပြေးဆွဲလျက်ရှိပြီး တစ်နေ့လျှင် ခရီးသည် ၃၅၀၀၀ ခန့် လိုက်ပါစီးနင်းလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် မကွေးမြို့ရှိ ခုတင် (၃၀၀) သင်ကြားရေးဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဆရာဝန်ကောင်းများ ပေါ်ထွက်လာရေး လေ့ကျင့်သင်ကြား လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၄

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် ဇွန် ၂၈ ရက် ညနေ ၄ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မြင့်မြင့်သိန်း၊ အထူးကုဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်များ၊ သူနာပြုအုပ်၊ သူနာပြုများနှင့် တွေ့ဆုံသည်။

ထိုမှတစ်ဆင့် မကွေးတိုင်းဒေသကြီး မကွေးပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာဌေးအောင်၊ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ အထူးကုဆရာဝန်များ၊ လက်ထောက် ဆရာဝန်များ၊ သူနာပြုအုပ်၊ သူနာပြုများနှင့် လည်းကောင်း၊ မကွေးသူနာပြုနှင့် သားဖွားသင်တန်း ကျောင်းခန်းမ၌ ကျောင်းအုပ်ကြီး ဒေါ်နွယ်နွယ်ချိုနှင့် သင်ကြားရေးဆရာမများ၊ သူနာပြု/သားဖွားသင်တန်းသူများနှင့် လည်းကောင်း တွေ့ဆုံခဲ့သည်။

တွေ့ဆုံ

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၂၉ ရက် နံနက်ပိုင်းတွင် မကွေးအခြေခံကျန်းမာရေးတက္ကသိုလ်သို့ သွားရောက်၍ ပါမောက္ခချုပ် ဒေါက်တာစန်းစန်းမြင့်အောင်နှင့် ပါမောက္ခ/ဌာနမှူးများ၊ သင်ကြားရေးဆရာများနှင့် တွေ့ဆုံသည်။

ထို့နောက် အခြေခံကျန်းမာရေး တက္ကသိုလ် စာသင်ဆောင်များ၌ ဒုတိယနှစ်နှင့် တတိယနှစ် ကျောင်းသားများ စာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ခုတင် (၃၀၀) သင်ကြားရေး ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းဦးနှင့် ပါမောက္ခ/ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့် တွေ့ဆုံကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

မှာကြား

ထို့နောက် မွန်းလွဲပိုင်းတွင် မကွေးဆေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဒေါက်တာဝင်းမြတ်အေးနှင့် ပါမောက္ခဌာနမှူးများ၊ သင်ကြားရေးဆရာများ၊ ဆေးတက္ကသိုလ်ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံပြီး သင်ကြားရေးတွင် စာမေးပွဲအောင်ရုံ၊ ဘွဲ့ရရုံသာမက အတတ်ပညာပိုမို ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားပေးရန်၊ အသိပညာ ဗဟုသုတ၊ သဘောထားခံယူချက်၊ လက်တွေ့ကျွမ်းကျင်မှု ရရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ ဝန်ထမ်းအချင်းချင်း အထက်နှင့်အောက် စည်းလုံးညီညွတ်စွာဖြင့် နားလည်မှု၊ လေးစားမှု၊ ခင်မင်မှု၊ စာနာထောက်ထားမှုများ တည်ဆောက်၍ မိမိတို့ တက္ကသိုလ်၊ မိမိတို့နိုင်ငံတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်၊ စိတ်ကောင်းစေတနာဖြင့် နိုင်ငံတကာအဆင့်မီ ဆရာဝန်ကောင်းများ ပေါ်ထွက်လာရေး လေ့ကျင့်သင်ကြားပြီး နိုင်ငံတော်နှင့်ပြည်သူအကျိုးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကို ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စေတနာရှင်သွေးလှူရှင်များ စတုတ္ထအကြိမ် သွေးလှူဒါန်းပွဲ နေပြည်တော်ခုတင်(၁၀၀၀)၌ ကျင်းပ

နေပြည်တော် ဇူလိုင် ၄

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စေတနာရှင်သွေးလှူရှင်များ ဦးဆောင်အဖွဲ့က ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ် သွေးလှူဒါန်းပွဲကို ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် တက်ရောက်အားပေးသည်။

သွေးလှူဒါန်းပွဲသို့ ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ် (တာဝန်) ဒေါ်ခင်စန်းဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နိုင်သက်ဦးနှင့် ညွှန်ကြားရေးမှူးများ၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဦးထွန်းနိုင်ဦး၊ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ဖြူဖြူနှင့် သွေးလှူဘဏ် တာဝန်ခံ ဒေါက်တာ ဦးထိန်ဝင်းတို့လည်း တက်ရောက်အားပေးကြသည်။

လာရောက်လှူဒါန်း

ယနေ့ သွေးလှူဒါန်းပွဲသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ သွေးလှူရှင် ၄၆ ဦး လာရောက် လှူဒါန်းကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စေတနာရှင် သွေးလှူရှင်များ ဦးဆောင်အဖွဲ့က ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ် သွေးလှူဒါန်းပွဲကို နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးလွန်းမောင် တက်ရောက်အားပေးစဉ်။

(သတင်းစဉ်)

လူ့အသက်ကိုတန်ဖိုးထားပြီး ဆေးပညာရှင်များ၏ ကျင့်ဝတ်ကိုလိုက်နာ၍ သိက္ခာကိုစောင့်စည်း ပြည်သူလူထုက အားကိုးယုံကြည်မှုရရှိသော ကျန်းမာရေးပညာရှင်များဖြစ်လာအောင် ကြိုးပမ်း

နေပြည်တော် ဇူလိုင် ၄

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုံးခင်သည် ဇွန် ၃၀ ရက် ညနေ ၃ နာရီခွဲတွင် သူနာပြုတက္ကသိုလ်(ရန်ကုန်) အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများ၊ သင်ကြားရေးရာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဒုတိယဝန်ကြီးသည် ဇူလိုင် ၁ ရက် နံနက် ၈ နာရီတွင် သူနာပြုတက္ကသိုလ် (ရန်ကုန်)၌ ကျင်းပသည့် သူနာပြုတက္ကသိုလ်(ရန်ကုန်)၏ (၂၅)နှစ်ပြည့် ရွှေရတု အထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားနှင့် အထိမ်းအမှတ် ပြခန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နံနက် ၁၀ နာရီတွင် ဆေးဝါးတက္ကသိုလ်(ရန်ကုန်) အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံပြီး သင်ကြားရေး အထောက်အကူပြုစက်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အင်းစိန်မြို့နယ်ရှိ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးသည် သူနာပြုတက္ကသိုလ်(ရန်ကုန်)၊ ဆေးဝါးတက္ကသိုလ် (ရန်ကုန်)၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်တို့၌ ကျန်းမာရေးဝန်ထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူတို့အား တွေ့ဆုံစဉ် ကျန်းမာရေးဝန်ထမ်းများ၏ အရေးကြီးဆုံး အချက်ဖြစ်သည့် လူ့အသက်ကို တန်ဖိုးထားပြီး ဆေးပညာရှင်များ၏ ကျင့်ဝတ်ကို လိုက်နာ၍ သိက္ခာကိုစောင့်စည်းရန်၊ လူအများလေးစားခြင်း ခံထိုက်သည့် ပုဂ္ဂိုလ်များဖြစ်သည့်အတွက် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုရရှိရန်၊ သမားဂုဏ်၊ ဆရာဂုဏ်နှင့် လျော်ညီသော ဝတ်စားဆင်ယင်မှုနှင့် ရည်မွန်သည့် ဆက်ဆံရေး၊ သိက္ခာရှိသော အပြုအမူ၊ အနေအထိုင်များနှင့် ပြည့်စုံရန်နှင့် ပြည်သူလူထုက အားကိုး ယုံကြည်မှုရရှိသော ကျန်းမာရေးပညာရှင်များ ဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၅-၇-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၄	၁။ နိုင်ငံတော်သီချင်း
၇း၀၅	၂။ တရားတော်
၇း၁၅	၃။ ဓမ္မပူဇာတေး
၇း၂၀	၄။ မျိုးချစ်တပ်မတော်
၇း၂၅	၅။ မြန်မာ့ရှုခင်း
၇း၃၀	၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀	၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၄	၁။ နိုင်ငံတော်သီချင်း
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ အမျိုးသားရေးတေးကဗျာ
၄း၁၅	၄။ မျိုးချစ်တပ်မတော်
၄း၂၀	၅။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄း၂၅	၆။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅	၇။ လျှပ်တစ်ပြက်
၄း၅၀	၈။ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀	၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဟာသလွှင်ပြင် (အပိုင်း -၁၆)**
၆း၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။ အမျိုးသားရေးတေးကဗျာ
၆း၁၅	၁၃။ ဘောလုံးဟာသနှင့် ဂန္ထဝင်ဂိုး (၅၀၀)
၆း၂၅	၁၄။ အောင်မြင်ခြင်းလမ်းမ
၇း၀၀	၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၂၆)**
၈း၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ အမျိုးသားရေးတေးကဗျာ
	၁၈။ ဒို့တာဝန်အရေး(၃)ပါး
	၁၉။ နိုင်ငံတကာသတင်း
	၂၀။ မိုးလေဝသသတင်း
	၂၁။ မွေးမြူသုတ
	၂၂။ ဟာသရုပ်စုံ
	၂၃။ သီချင်းလက်ဆောင်
	၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အချစ်တို့တည်ရာ (အပိုင်း-၃၁)**
	၂၆။ 2011 FIFA WOMEN' S WORLD CUP (GERMANY) -England Vs Japan (Live)

၆-၇-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

၀၁း၁၅	2011 FIFA WOMEN' S WORLD CUP (GERMANY) -France Vs Germany (Live)

သင့်သွေးဖြင့် အသက်ကယ်ပါ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပြိုင်ပွဲ ဒုတိယနေ့ပြိုင်ပွဲများ ကျင်းပ

ရန်ကုန် ဇူလိုင် ၄

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူအားကစားရုံ၌ ဒုတိယနေ့အဖြစ် ကျင်းပသည်။

ဒုတိယနေ့ပြိုင်ပွဲများအဖြစ် (၄)ချီပွဲ လေးပွဲ၊ ၅ ချီပွဲနှင့် အထူးစိန်ခေါ်ပွဲ နှစ်ပွဲတို့ ယှဉ်ပြိုင်ကြရာ ၄ ချီပြိုင်ပွဲတွင် ဖိုးလပြည့်(EVER GREEN)နှင့် မိုးမခ (ဝါဆိုကလပ်)တို့က ပူးတွဲသရေ၊ သပြေအောင်(ဘီလပ်မြေစက်ရုံ)က ရွှေရဲလေး(အဖြူရောင်သွေးသစ်)အား ပထမအချီ ၂ မိနစ် ၃၄ စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း၊ လေးညို့ရှင်(နဂါးမာန်)နှင့် ကြယ်စင်ဖြိုး(အဖြူရောင်သွေးသစ်)၊ ဝင်းမောက်(မျိုးဇာနည်)နှင့် နာဂစ်မောင်မောင် (ဘီလပ်မြေစက်ရုံ)တို့က ပူးတွဲသရေ၊ ၅ ချီပြိုင်ပွဲတွင် ကျားပေါက်(ဘီလပ်မြေစက်ရုံ)က စလူကာ(ဝါဆိုကလပ်)ကို (ဒုတိယ)အချီ ၂ မိနစ် ၂၅ စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း၊ ထွန်းထွန်းမင်း(မုဒုံ)က ရွှေသိန်းအောင်(တောင်ကလေး)အား ပထမအချီ ၁ မိနစ် ၁၅ စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ထို့နောက် မြန်မာ-ထိုင်းရိုးရာလက်ဝှေ့ ၅ ချီအထူးစိန်ခေါ်ပြိုင်ပွဲ ဒုတိယနေ့ပြိုင်ပွဲအဖြစ် ရွှေထွန်းယုံ (မြန်မာ/ဘီလပ်မြေစက်ရုံ)က စီထောင်း(ထိုင်း)အား ပထမအချီ ၂ မိနစ် စက္ကန့် ၅၀ တွင် အလဲထိုးအနိုင်ရရှိပြီး ဖိုးကေ (မြန်မာ/ဧဝရက်)နှင့် လာချီလိတ်(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ပူးတွဲသရေဖြစ်ကာ ဆုများကို မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးကိုယ်စား မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ**(အပေါ်ဝဲပုံ)**တို့က ဆုများပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

အာဆင်နယ်မှ ကလစ်ချီ မန်စီးတီးတွင် ဆေးစစ်မှုခံယူ

လန်ဒန် ဇူလိုင် ၄

အာဆင်နယ်အသင်းမှ ပြင်သစ်နောက်ခံကစားသမား ကလစ်ချီသည် မန်စီးတီးသို့ ပြောင်းရွှေ့ရန် ဆေးစစ်မှုခံယူလျက်ရှိနေပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အသက် (၂၅)နှစ်ရှိ အဆိုပါ ပြင်သစ်နောက်ခံကစားသမားသည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ဈေးကွက်တွင် အာဆင်နယ်အသင်းက ရောင်းထုတ်မည့် ကစားသမားများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ အာဆင်နယ်အသင်း၏ ညာနောက်ခံကစားသမား ကလစ်ချီကို လီဗာပူးအသင်းနှင့် အီတလီကလပ်ရိုးမားအသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ သို့သော် ယခုအချိန်တွင် ကလစ်ချီကို မန်စီးတီးက ခေါ်ယူတော့မည်ဖြစ်ပြီး ဆေးစစ်မှုများပင် ပြုလုပ်နေပြီဟု သိရသည်။ ၎င်း၏ပြောင်းရွှေ့ကြေးမှာ ပေါင်ခုနစ်သန်းခန့်သာရှိမည်ဟု သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

အင်တာနက်။

မန်စီးတီးနှင့် ဆေးစစ်မှုခံယူနေသည်ဟုဆိုသည့် ကလစ်ချီ။

စတီးဝပ်ဒေါင်းနင်း လီဗာပူးသို့ပြောင်းမည်

လီဗာပူး ဇူလိုင် ၄

ဗီလာအသင်း၏ နည်းပြသစ်အဖြစ် အဲလစ်မက္ကလစ်ရှ် တာဝန်ယူပြီးချိန်တွင် နောက်ခံကစားသမား စတီးဝပ်ဒေါင်းနင်းက မိမိအနေဖြင့် လီဗာပူးအသင်းသို့ ပြောင်းရွှေ့တော့မည်ဟု ထုတ်ဖော်ပြောကြားလာသည်။

အသက်(၂၆)နှစ်ရှိ ဒေါင်းနင်းသည် ဗီလာအသင်းနှင့် စာချုပ်သက်တမ်းကျန်ရှိနေသော်လည်း အသင်း၏ရလဒ်ပိုင်းများကို စိတ်ပျက်၍ လီဗာပူးသို့ ပြောင်းရန်ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ မက္ကလစ်ရှ်က ဒေါင်းနင်းကို ဗီလာတွင်သာ ဆက်ထိန်းထားလိုသော်လည်း လီဗာပူးအသင်းက အဆိုပါကစားသမားအတွက် ပေါင်သန်း ၂၀ ပေးမည်ဟုဆိုလာခြင်းကြောင့် လက်လွှတ်ရန်သေချာသလောက်ရှိနေသည်။ ဒေးလီးမေးလ်သတင်းစာကမူ ဗီလာအသင်းမှ အင်္ဂလန်နောက်ခံကစားသမား စတီးဝပ်ဒေါင်းနင်းသည် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှုများ ရရှိထားပြီဟု ဖော်ပြထားသည်။

အင်တာနက်။

ဟန်သစ်

စတီဖင်ဆာဗစ်ကို ခေါ်ယူနိုင်ခဲ့ပြီဟု မန်စီနီပြောကြား

လန်ဒန် ဇူလိုင် ၄

မန်စီးတီးနည်းပြ မန်စီနီက မိမိအနေဖြင့် စတီဖင်ဆာဗစ်ကို ခေါ်ယူနိုင်ခဲ့ပြီဟု ထုတ်ဖော်ပြောကြားလာသည်။

စတီဖင်ဆာဗစ်သည် အသက် (၂၀) သာရှိသေးသည့် မွန်တီနီဂရိုးလက်ရွေးစင်ကစားသမားတစ်ဦးဖြစ်သည်။ မန်စီနီက စတီဖင်ဆာဗစ်အနေဖြင့် အင်္ဂလန်သို့ ရောက်လာခြင်းမှာ ၎င်း၏အနာဂတ်ပိုမိုကောင်းမွန်သွားပြီဟု ပြောကြားခဲ့သည်။ ထို့ပြင် မန်စီးတီးအသင်းသည် အာဆင်နယ်ကွင်းလယ်ကစားသမား နာဆရီကို ခေါ်ယူနိုင်ရေး ဆက်လက်ကြိုးပမ်းနေသည်ဟုဆိုသည်။ ***အင်တာနက်။***

စတီဖင်ဆာဗစ်။

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

The Heist Society ဇာတ်ကားကို မင်းသမီး ဒရူးဘယ်ရီမိုး ဒါရိုက်တာအဖြစ် ရိုက်ကူးမည်

နာမည်ကျော် မင်းသမီးတစ်ဦးဖြစ်သူ ဒရူးဘယ်ရီမိုးက The Heist Society ဇာတ်ကားကို ဒါရိုက်တာအဖြစ် ရိုက်ကူးသွားမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

အသက်(၃၆)နှစ်ရှိပြီဖြစ်သည့် မင်းသမီး ဒရူးဘယ်ရီမိုးသည် ဒါရိုက်တာအဖြစ်နှင့် ၂၀၀၉ ခုနှစ်က "Whip It" အမည်ရှိ ရုပ်ရှင်ကားကို ပထမဆုံးအကြိမ် စတင်ရိုက်ကူးခဲ့သည်။ ယခု The Heist Society ဇာတ်ကားသည် စာရေးဆရာ အလီကာတာ၏ဝတ္ထုကို ရှာရူနာခရော့စ်က ဇာတ်ညွှန်းရေးသားပေးမည် ဖြစ်သည်။ ရှာရူနာခရော့စ်နှင့် ဒရူးဘယ်ရီမိုးတို့နှစ်ဦးသည် "Whip It" ဇာတ်ကားကိုလည်း အတူလက်တွဲရိုက်ကူးခဲ့ဖူးသည်။

The Heist Society ဇာတ်ကားသည် ဆယ်ကျော်သက် မိန်းကလေးငယ်တစ်ဦး၏ မိသားစုအမှုအခင်းရေးရာ အရှုပ်အထွေးများနှင့် သူမ၏အထက်တန်းကျောင်းတွင် တွေ့ကြုံရသောပြဿနာကို ဖြေရှင်းရန် ကြိုးစားနေသည့် လှုပ်ရှားမှုများကို ရိုက်ကူးတင်ပြသွားမည်ဖြစ်သည်။

ဒရူးဘယ်ရီမိုးသည် ဤဇာတ်ကားအပြင် How to be single အမည်ရှိ ဇာတ်ကားကိုလည်း ဆက်လက်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ သူမသည် ၂၀၁၀ ခုနှစ်ကလည်း Going the Distance အမည်ရှိ ရုပ်ရှင်ကားကို ရိုက်ကူးခဲ့ပြီး Everybody Loves Whales ဇာတ်ကားကိုလည်း ရိုက်ကူးသွားရန် စီစဉ်လျက်ရှိသည်။ ***အင်တာနက်။***

အောင်မိုးစိုး

ဒရူးဘယ်ရီမိုး

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ခရမ်းမြို့တွင် ၄ ဒသမ ၈၉ လက်မ၊ ခန္တီးမြို့တွင် ၄ ဒသမ ၇၂ လက်မ၊ အမ်းမြို့တွင် ၄ ဒသမ ၃၂ လက်မ၊ ကလေးဝမြို့တွင် ၃ ဒသမ ၅၀ လက်မ၊ ဇောင်းတူမြို့တွင် ၂ ဒသမ ၃၆ လက်မနှင့် သီပေါမြို့နှင့် ကလေးမြို့တို့တွင် ၂ ဒသမ ၂၁ လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

မနက်ဖြန်ညနေထိခန့်မှန်းချက် ။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် ။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပြည်သူ့ထံမှ ပေးစာများ

ခွေးလေခွေးလွင့်များ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျောက်မြောင်း အရှေ့ရပ်ကွက် မြို့သစ်(၁)လမ်း(အောက်လမ်း)တွင် ခွေးလေခွေးလွင့်များ ပေါများပြီး လမ်းသွားလမ်းလာများနှင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ မကြာခဏ ခွေးအန္တရာယ်နှင့် ကြုံတွေ့နေရပါသဖြင့် အဆိုပါခွေးလေခွေးလွင့်များအား ရှင်းလင်းပေးပါရန် တင်ပြပါသည်။ **လမ်းသူ၊ လမ်းသားများ။**

အမှိုက်များစုပုံ၊ မိလ္လာပိုက်များပေါက်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်းနှင့် (၃၅)လမ်းအထက်လမ်းကြားရှိ နောက်ဖေးလမ်းများတွင် စည်းကမ်းမဲ့ အမှိုက်ပစ်မှု၊ အချိန်မှန်အမှိုက်မသိမ်းမှုတို့ကြောင့် အမှိုက်များစုပုံနေပါသည်။

ထို့ပြင် မိလ္လာပိုက်များပါ ပေါက်ပြဲပျက်စီး၍ မိလ္လာများ ယိုစိမ့်နေမှုကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်စေပါသည်။ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းကျန်းမာရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **သန့်ရှင်းလိုသူ။**

စည်းကမ်းမဲ့အမှိုက်များကြောင့် ရေမြောင်းများပိတ်ဆို့

စာတည်းခင်ဗျား-

ပခုက္ကူမြို့ အမှတ်(၃)ရပ်ကွက် ဂ-ကွင်း ၆လမ်းနှင့် ၅လမ်းအကြား အာသောကလမ်းမပေါ်တွင် အမှိုက်နှင့်သဲမြေများစွန့်ပစ်ထားကြပါသဖြင့် မိုးရေသွားလမ်းပိတ်မိပြီး အင်းအိုင်ကြီးသဖွယ်ဖြစ်ကာ ခရီးသွားအမြန်ယာဉ်၊ အနေးယာဉ်နှင့် ခြေကျင်ခရီးသည်များ အဆင်ပြေစွာသွားလာနိုင်ခြင်းမရှိသည့်အပြင် အင်းအိုင်ကြီးမှ ကျန်းမာရေးထိခိုက်စေသော ပိုးလောက်လမ်းများ ပေါက်ပွားနေပါသဖြင့် လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သူ၊ ရပ်ကွက်သားများ**

အင်ဂျင်နီယာဒီပလိုမာ ဝင်ခွင့်ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၄

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ ကျောင်းသား၊ ကျောင်းသူများသည် စင်ကာပူနိုင်ငံ BCA အကယ်ဒမီတွင် ဆောက်လုပ်ရေး အင်ဂျင်နီယာ၊ တည်ဆောက်ရေးနှင့် သတင်းပြန်ကြားရေးနည်းပညာ၊ စက်မှုအင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအင်နှင့် ဒီဇိုင်းအင်ဂျင်နီယာ ဒီပလိုမာသင်တန်းများကို တက်ရောက်သင်ကြားနိုင်ရာ ဒီဇိုင်းဘာသာရပ်ဝင်ခွင့်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ပုံဆွဲပညာဖြေဆိုရမည်ဖြစ်ပြီး အခြားဘာသာရပ်များအတွက် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာဖြေဆိုရမည်ဖြစ်ကြောင်း သိရှိရသည်။

ဒီပလိုမာဘွဲ့ရရှိရန်အတွက် သုံးနှစ်ကြာမြင့်မည်ဖြစ်ပြီး နောက်ဆုံး ပညာသင်နှစ်တွင် လက်တွေ့လုပ်ငန်းခွင်ဝင်ရောက်မှုအတွေ့အကြုံရမည့်အပြင် လစာများလည်းရနိုင်ကြောင်း၊ ပညာသင်ထောက်ပံ့ကြေးအစီအစဉ်များလည်း ရှိကြောင်း စသည့် BCA အင်ဂျင်နီယာ အကယ်ဒမီကျောင်းနှင့်သက်ဆိုင်သည့် အချက်အလက်များကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်တွင် ဇူလိုင် ၉ ရက်၌ ဆွေးနွေးမည်ဟု သိရသည်။

အောက်တိုဘာဝင်ခွင့် အတွက် ကျောင်းသား၊ ကျောင်းသူများ စတင်လက်ခံနေပြီး ဇူလိုင် ၁၀ ရက်တွင် ဝင်ခွင့်စာမေးပွဲကျင်းပမည်ဖြစ်သည်။ ဆွေးနွေးပွဲတက်ရောက်လိုသူများသည် ဇူလိုင် ၈ ရက်နောက်ဆုံးထား စာရင်းသွင်းနိုင်ပြီး Care Forever Services ရန်ကုန်မြို့ ဖုန်း-၅၆၉၈၁၈၊ ၀၉-၅၁၆၆၂၄၀၊ ၀၉-၇၃၁၁၃၀၉၂ နှင့် မန္တလေးမြို့ ဖုန်း-၀၉-၈၆၂၅၄၄၃၊ ၀၉-၄၉၂၂၄၈၅၁ တို့တွင် စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်နေ ဦးမြင့်သိန်း-ဒေါ်ခင်မေယု၊ သမီး မစုစုထွန်း မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး၌ အသုံးပြုရန် သံဃာတစ်ပါးစာ ခုတင်၊ မွေ့ရာ၊ ဗီရိုတစ်စုံအတွက် အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပနားမားသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော်   ဇူလိုင်   ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပနားမားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဟိုဆေး အန်တိုနီယို ရှူးဇ် ဘလန်ကိုသည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

သံအမတ်ခန့်အပ်လွှာ ပေးအပ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပနားမားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဟိုဆေး အန်တိုနီယို ရှူးဇ် ဘလန်ကိုက ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ (၄-၇-၂၀၁၁)

ခရမ်း	၄	ဒသမ ၈၉	လက်မ		ကလေးဝ	၃	ဒသမ ၅၀	လက်မ
ခန္တီး	၄	ဒသမ ၇၂	လက်မ		ဇောင်းတူ	၂	ဒသမ ၃၆	လက်မ
အမ်း	၄	ဒသမ ၃၂	လက်မ		သီပေါ	၂	ဒသမ ၂၁	လက်မ